# လှသမိန်

# ဘဝကို အနိုင်ယူနည်း

mgyoe.com

mgvbe.com

ကျွန်ုပ်တို့လောကတွင် ပေါ့ပေါ့နေတတ်ကြသူများ ရှိပေသည်။
ဘဝကို ထိုင်နေရင်း အရှုံးပေးကာ လောကကို
စိတ်နာနေသူများ ရှိပေသည်။
လူတိုင်းသည် မိမိဘဝလမ်းခရီးအတွက် ထားရှိမည့် နှလုံးသွင်းကို
ပိုင်ပိုင် သိရှိထားပြီဟု ထင်တတ်ကြသည်။
ထင်သလောက် တကယ် မသိသည်လည်း ရှိပေသည်။
မည်သို့ပင်ဖြစ်စေ... လူတိုင်း လူတိုင်း
ဤစာအုပ်ကို ဖတ်၍ မိုးကို ဒူးဖြင့်တိုက်ရန် ပြင်ဆင်ကြစေလိုသည်။
စာအုပ်ကို ဖတ်၍ ဆုံးသွားလျှင် ထပြီး
ခါးတောင်းကျိုက်စေလိုသည်။
ကျွန်ုပ်တို့သည် နိုင်ငံကို ရှေ့သို့ တိုးတက်အောင်
အပူတပြင်း၊ အကြိတ်အနယ်၊ အားကြိုးမာန်တက်၊
စိုင်းပြင်း အားထုတ်နေကြရသည် ဖြစ်ရာ
ဤစာအုပ်သည် ရှေ့သို့ အနည်းဆုံး တစ်လှမ်း တစ်ထစ်မျှ
တွန်းပို့ပေးနိုင်ရမည်ဟု ယုံကြည်ပေသည်။
စာအုပ်နှစ်ထောင်ကုန်၍ အလှမ်းပေါင်း နှစ်ထောင်
ရှေ့သို့ရွေ့သွားလျှင် ကြိတ်နှုန်းအားဖြင့် တိုင်းပြည်ကို
တစ်မိုင်ခန့် ရှေ့သို့ တွန်းပို့နိုင်ခြင်းဖြစ်မည်ဟုပင် ယုံကြည်ပေသည်။
လူတိုင်း ဘဝကို အနိုင်ယူနိုင်ကြစေလိုပေသည်။

# လှသမိန်

## ဘဝကို အနိုင်ယူနည်း

ISBN 9789997130815
HTM33
9 789997 130815
2,700.00 KS

mgyoe.com

ဘဝကိုအနိုင်ယူနည်း၊ လှသမိန်
စာမျက်နှာ ၂၅၆++ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ မတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၉၊ ဥဒါန်းစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# ဘဝကိုအနိုင်ယူနည်း

လှသမိန်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | စကားဦး | က |
| ၁။ | ပန်းတိုင်ရှိရမည် | ၁ |
| ၂။ | မိမိကိုယ်တိုင် ရွေးချယ်ပါ | ၈ |
| ၃။ | တကယ်ရောက်နိုင်သည် | ၁၃ |
| ၄။ | တန်ဖိုးရှိအောင်အသုံးချ | ၁၈ |
| ၅။ | ကံကြမ္မာ၏လက်သည် | ၂၁ |
| ၆။ | မိမိကိုယ်ကို လက်နက်တပ်ဆင်ပါ | ၂၆ |
| ၇။ | ကိုယ်ခံရှိရမည် | ၂၉ |
| ၈။ | ပညာလက်နက်ထက်စေ | ၃၇ |
| ၉။ | အမွေကျန်စေရမည် | ၄၁ |
| ၁၀။ | လုံ့လဝီရိယအစွမ်း | ၄၄ |
| ၁၁။ | ကျရှုံးမှုသည် အဆန်းမဟုတ် | ၅၂ |
| ၁၂။ | နောက်တစ်ကြိမ်အတွက် ပြင်ဆင်ပါ | ၅၉ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၃။ | ဘယ်အခါမျှ စိတ်မပျက်ရ | ၆၂ |
| ၁၄။ | စိတ်၏တန်ခိုးသတ္တိများ | ၆၇ |
| ၁၅။ | ရှန်းကန်ခြင်းသည် ဘဝ | ၇၀ |
| ၁၆။ | ဆန့်ကျင်ဘက်အင်အားစု | ၇၆ |
| ၁၇။ | ကြောက်စိတ်ပယ်ရှားပါ | ၈၀ |
| ၁၈။ | အပျော့ဆွဲအလိုမရှိ | ၈၄ |
| ၁၉။ | မိမိကိုယ်ကိုတာဝန်ပေးပါ | ၈၈ |
| ၂၀။ | အပြစ်လွှဲမချနှင့် | ၉၃ |
| ၂၁။ | ခံစစ်မဖြစ်ရ၊ တိုက်စစ်ဆင်ရမည် | ၁၀၀ |
| ၂၂။ | ပတ်ဝန်းကျင်ကို ဖန်တီးပါ | ၁၀၅ |
| ၂၃။ | အမြဲအခြေအနေပေးသည် | ၁၁၁ |
| ၂၄။ | ဘဝင်မမြင့်နှင့် | ၁၁၄ |
| ၂၅။ | ရှေ့သို့သာမျက်နှာမူပါ | ၁၂၁ |
| ၂၆။ | ပွဲလယ်တင့်ပါစေ | ၁၂၉ |
| ၂၇။ | ရှေ့ဆောင်မှုစွမ်းရည် | ၁၃၂ |
| ၂၈။ | အတိုင်းအတာကို တွက်ဆပါ | ၁၃၈ |
| ၂၉။ | မကြွားနှင့် ကြိုးဝါးပါ | ၁၄၃ |
| ၃၀။ | ကြိုတင်သွေးနွေးပါ | ၁၄၈ |
| ၃၁။ | ကဲ့ရဲ့ကြစမ်းပါစေ | ၁၅၅ |
| ၃၂။ | မိမိကိုယ်ကိုမိမိ ကဲ့ရဲ့၊ ချီးမွမ်းပါ | ၁၆၁ |
| ၃၃။ | တိုက်ပွဲမှ ကျင့်သားရသည် | ၁၆၄ |
| ၃၄။ | အကောင်းတစ်ဖက်မှ ကြည့်ပါ | ၁၇၁ |
| ၃၅။ | အဆိုးထဲ၌ အကောင်းရှိသည် | ၁၇၆ |
| ၃၆။ | ပတ်ဝန်းကျင်ကို နိုင်ပါစေ | ၁၇၉ |


mgyoe.com

mgyoe.com

၃၇။ လူ့သဘောကို ကျေရမည် ၁၈၄
၃၈။ တစ်ပြားမှမလျှော့နှင့် ၁၉၁
၃၉။ အနိမ့်ဆုံးခံတပ် ၁၉၆
၄၀။ ရာဇဝတ်အိုး မတိုးနှင့် ၁၉၈
၄၁။ မိမိ၏ဂုဏ်ကိုထိန်းပါ ၂၀၀
၄၂။ ကြွေးနှင့်ဝေးစေရမည် ၂၀၃
၄၃။ ကိုယ့်အားကိုယ်တွင်းမှာရှိသည် ၂၀၅
၄၄။ အခွင့်အရေးကို အလွတ်မပေးရ ၂၀၈
၄၅။ အမြင်မှန်နှင့် ကြည့်ပါ ၂၁၃
၄၆။ လူသည်လူသာဖြစ်သည် ၂၁၈
၄၇။ ကျုံ့ခြင်းနှင့် ဆန့်ခြင်း ၂၂၂
၄၈။ အဝေးမှ ခွာ၍ကြည့်ပါ ၂၂၅
၄၉။ နည်းကုန်လမ်းကုန်သုံးပါ ၂၂၇
၅၀။ ပြေးပွဲပြိုင်ပွဲကြီးတစ်ခု ၂၃၁
၅၁။ လူချွန်မှ နိုင်ငံချွန်သည် ၂၃၃
၅၂။ အားမာန် ဟုန်းဟုန်းတောက်ရမည် ၂၃၆
၅၃။ အချစ်လောင်းရိပ်မှ ထွက်ပါ ၂၄၁
၅၄။ ဘဝအာမခံချက် ၂၄၇
၅၅။ သိသလိုကျင့်ပါ ၂၅၄

❖

mgyoe.com

mgyoe.com

ဖတ်ပြီးလျှင်

## ပြန်၍ဖတ်ပါဦး

* ဤစာအုပ်ကို ယနေ့ဖတ်ပါ။

* နောင်တစ်နေ့တွင်လည်း ထပ်၍ ဖတ်ပါ။

* ၃၇ ကြိမ်တိုင်အောင် ဖတ်နိုင်လျှင် ပို၍ ကောင်းပါသည်။

* မိတ်ဆွေများကိုလည်း ငှား၍ ဖတ်ပါစေ။

mgyoe.com

mgyoe.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## စကားဦး

စာအုပ်ဖြစ်လာလျှင် အမှာနိဒါန်း ရှိကောင်းရသည် ဟုဆိုသော်လည်း ဤတွင် နိဒါန်းဖြင့် စာဖတ်သူ၏အချိန်ကို များစွာ မဖြုန်းလိုပေ။ ဤစာအုပ် အဘယ်ကြောင့်ရေး သနည်းဟူသော အကြောင်းကို ရှင်းပြရုံသာ ရေးလိုပေသည်။ ဤအကြောင်းညွှန်းချက်ကို သိနားလည်မှလည်း ဤစာအုပ် ကို ပို၍ တန်ဖိုးထားကြလိမ့်မည်ဖြစ်ပေသည်။

စာရေးသူ၌ ယုံကြည်ချက်နှင့် စေတနာရှိမြဲ ဖြစ်ပေ သည်။ အများပရိသတ်အတွက် စာရေးသူသည် မည်သည့် အခါမျှ ငွေ၏နောက်သို့ ကောက်ကောက်ပါမလိုက်ဘဲ မိမိ ယုံကြည်ရာ၊ မိမိစေတနာရှိရာကို ဇောက်ချ၍ အားရကျေနပ် စွာ ရေးနေတတ်သော သဘောရှိပေသည်။ ဆင်းရဲလွန်း၍ ငွေနောက်လိုက်ကာ ငွေရရာကို ရေးနေကြသူများ ရှိသည်

mgyoe.com

mgyoe.com



ဆိုလျှင်ပင် ထိုစိတ်၊ ထိုနှလုံးသားသည် ပြန်၍ လည်လာ တတ်မြဲ ဖြစ်ပေသည်။ မိမိရေးလိုရာကို ရေးခြင်းသည် အသက်ပါ၍ ကလောင်ရှင်ပြီး ပင်ပန်းခြင်းကင်း၍ ပျော်ရွှင် ချမ်းမြေ့ရပေသည်။

ကျွန်ုပ်သည် **"လူတော်လူကောင်း"၊ "မယား ထူးမယားမြတ်"၊ "လင်တော်လင်ကောင်း"၊ "ဇနီး မောင်နှံ"၊ "သားကောင်းသမီးကောင်း"၊ "ဟောနည်း ပြောနည်း"၊ "မိတ်ကောင်းဆွေကောင်း ရအောင်လုပ် နည်း"၊ "စိတ်ချမ်းသာအောင်နေထိုင်နည်း"၊ "နှစ်ဆယ့်လေးနာရီ တန်ဖိုးရှိရှိ နေထိုင်နည်း"** စသော စာအုပ်များကို ရေးခဲ့ပြီးလေပြီ။ ထိုစာအုပ်များကို အဘယ် ကြောင့် ရေးသည်။ အဘယ်အကျိုးကျေးဇူးကို ရည်ညွှန်း သည်။ ထိုစာအုပ်များသည် ဖတ်ရှုသူများအား မည်သို့ ကျေးဇူးပြုခဲ့သည်... စသည်တို့ကို စာအုပ်အမည်များကပင် ဖော်ပြနိုင်လိမ့်မည် ဖြစ်လေသည်။ ဤရည်ရွယ်ချက်၊ ဤ စေတနာအရ ထပ်၍သာ ကြိုးစားလျက်ရှိပေသည်။ လူ့ လောကကြီးတွင် ကျွန်ုပ် ရည်သန်တွန်းပို့ချင်သော ဆန္ဒ အတိုင်း ဖြစ်လာစေချင်သည်။ ဖြစ်လာရမည်ဟု ယုံကြည် သည့်အတိုင်းလည်း မိမိတတ်စွမ်းသော ကလောင်ဖြင့် တာဝန်တစ်ခု ထမ်းဆောင်နေပေသည်။ ယခုလည်း ဤ ရည်ရွယ်ချက်ဖြင့် တာဝန်ကို ဆက်လက်ထမ်းဆောင် လိုက်ပြန်ခြင်းသာ ဖြစ်ပေသည်။

ကျွန်ုပ်တို့လောကတွင် ပေါ့ပေါ့နေတတ်ကြသူများ ရှိပေသည်။ ဘဝကို ထိုင်နေရင်း အရှုံးပေးကာ လောကကို

mgyoe.com

mgyoe.com



စိတ်နာနေသူများ ရှိပေသည်။ လူတိုင်းသည် မိမိဘဝ လမ်းခရီးအတွက် ထားရှိမည့် နှလုံးသွင်းကို ပိုင်ပိုင်သိရှိထားပြီဟု ထင်တတ်ကြသည်။ ထင်သလောက် တကယ် မသိသည်လည်း ရှိပေသည်။ မည်သို့ပင်ဖြစ်စေ... လူတိုင်း လူတိုင်း ဤစာအုပ်ကိုဖတ်၍ မိုးကို ဒူးဖြင့်တိုက်ရန် ပြင်ဆင်ကြစေလိုသည်။ စာအုပ်ကိုဖတ်၍ ဆုံးသွားလျှင် ထပြီး ခါးတောင်းကျိုက်စေလိုသည်။ ကျွန်ုပ်တို့သည် နိုင်ငံကို ရှေ့သို့ တိုးတက်အောင် အပူတပြင်း၊ အကြိတ်အနယ်၊ အားကြိုးမာန်တက်၊ စိုင်းပြင်းအားထုတ်နေကြရသည်ဖြစ်ရာ ဤစာအုပ်သည် ရှေ့သို့ အနည်းဆုံး တစ်လှမ်းတစ်ထစ်မျှ တွန်းပို့ပေးနိုင်ရမည်ဟု ယုံကြည်ပေသည်။

စာအုပ်နှစ်ထောင်ကုန်၍ အလှမ်းပေါင်းနှစ်ထောင် ရှေ့သို့ရွေ့သွားလျှင် ကြိတ်နှုန်းအားဖြင့် တိုင်းပြည်ကို တစ်မိုင်ခန့် ရှေ့သို့ တွန်းပို့နိုင်ခြင်းဖြစ်မည်ဟုပင် ယုံကြည်ပေသည်။

လူတိုင်း ဘဝကို အနိုင်ယူနိုင်ကြစေလိုပေသည်။

**လှသမိန်**

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပန်းတိုင်ရှိရမည်

"မိတ်ဆွေ ဘယ်လဲ"

လူတစ်ယောက်က လှမ်း၍ နှုတ်ဆက်လိုက်သည့်အခါမှ မိမိသည် မည်သည့်နေရာသို့ မည်သည့်ကိစ္စအတွက် သွားရောက်နေသည်ကို ပြန်ပြောင်းတွေးဆယူရမည်ဆိုလျှင် ကောင်းနိုင်မည်မထင်ပေ။

ဖိနပ်စီး၍ လမ်းပေါ်တွင် ခြေချကတည်းက မည်သည့်နေရာသို့ သွားမည်ဟူသော ရည်စူးချက်ကား ရှိပြီးဖြစ်ရပေလိမ့်မည်။ လမ်းပေါ်၌ ရွေ့လျားနေသူသည် ယုတ်စွအဆုံးအညောင်းအညာပြေရန်၊ လေကောင်းလေသန့်ရရန်၊ ငြီးငွေ့မှုပြေပျောက်ရန် စသော ရည်ရွယ်ချက်တစ်ခုခု ရှိရပေလိမ့်မည်။ ရည်ရွယ်ချက်မရှိသော လှုပ်ရှားမှုတိုင်းသည် ကိုယ်ခန္ဓာ၏ စွမ်းအင်ကိုဖြစ်စေ၊ အချိန်ကိုဖြစ်စေ အလဟဿ ဖြုန်းတီးရာ ရောက်ပေလိမ့်မည်။

mgyoe.com

mgyoe.com


လူတစ်ယောက်သည် ချက်ပြုတ်ရန်လည်းမဟုတ်၊ မီးလှုံရန်လည်း မဟုတ်၊ မီးဖိုစမ်းသပ်ရန်လည်း မဟုတ်ဘဲ မီးဖိုကိုမီးမွေးပြီးနောက် ထို အတိုင်းပင် နာရီပေါင်းများစွာ ထားရှိသည်ဆိုပါမူ သင်သည် ထိုသူအား မေးမြန်းချင်စိတ်၊ ပြစ်တင်ဝေဖန်လိုစိတ်များနှင့် အားမလိုအားမရ ဖြစ်မိ ပေလိမ့်မည်။ ထိုသူသည် အဘယ်ကြောင့် လောင်စာများကို အသုံးမဝင် စေဘဲ ဆုံးရှုံးလျော့ပါးအောင် လုပ်ပစ်နေရသနည်းဟု မချင့်မရဲ ဖြစ်မိ ပေလိမ့်မည်။ ဘာမျှရည်ရွယ်ချက်မရှိဘဲ တစ်စုံတစ်ခုကို ပြုလုပ်ရာ သလောဟူ၍လည်း မကျေမနပ်ဖြစ်မိပေလိမ့်မည်။ သို့ရာတွင် သင်ကိုယ် တိုင် ရည်ရွယ်ချက်မရှိဘဲ ပြုလုပ်နေမိသည်များမှာ တစ်နေ့တာအချိန် အတွင်း ကြိမ်ဖန်များစွာရှိပေလိမ့်မည်။

သင်သည် လက်ဖက်ရည်ဆိုင်သို့ဝင်၍ လက်ဖက်ရည်တစ်ခွက်ကို မှာယူကာ သောက်နေမိပေမည်။ အဘယ်ကြောင့် ထိုသို့ပြုသနည်း။ ဆာလောင်မွတ်သိပ်မှု ဖြေဖျောက်ရန်လော။ ဧည့်သည်ကို ဧည့်ဝတ်ပြု ရန်လော။ အဖော်အပေါင်းတွေ့၍ ရောနှောရန်ဖြစ်သလော။ ထိုဆိုင်၏ လက်ဖက်ရည် အရသာကိုမြည်းစမ်းလို၍ဖြစ်သလော။ တစ်နေရာရာ သို့သွားရန် အချိန်စောနေသေး၍ အချိန်ညှိရန်ဖြစ်သလော။ ဆိုင်တွင် ထားသော သတင်းစာကိုဖတ်လို၍ဖြစ်သလော၊ ငွေအကြောဲလှယ်လို ၍ ဖြစ်သလော၊ အခြားသူများပြောဆိုသော အကြောင်းအရာများကို နားစွင့်လို၍ ဖြစ်သလော။ စိတ်ငြီးငွေ့မှုဖြေရန် ဖြစ်သလော။ အကြောင်းရင်းတစ်ရပ်ရပ်ကား ရေရေရာရာရှိရပေလိမ့်မည်။ မည်သည့် ရည်ရွယ်ချက်မျှမရှိဟုဆိုလျှင် သင်သည် ရှုးကြောင်ကြောင်ဖြစ်ရန် အလှမ်းမဝေးတော့ဟု ဆိုရမည်ဖြစ်လေသည်။

ရည်ရွယ်ချက်မရှိဘဲ မည်သူမျှ မည်သည်ကိုမျှ ပြုလုပ်လိမ့်မည် မဟုတ်ဟူ၍ ထင်မှတ်ဖွယ်ရှိလေသည်။ သို့ရာတွင် ရည်ရွယ်ချက်

mgyoe.com

mgyoe.com


လုံးဝမရှိဘဲ ပြုလုပ်သူများ၊ ရည်ရွယ်ချက်မပြတ်မသား မှုန်ဝါးဝါးမရေမရာနှင့် ပြုလုပ်သူများရှိလေသည်။

စင်စစ်သော်ကား လှုပ်ရှားမှုတိုင်းတွင် ရည်ရွယ်ချက်ရှိရပေမည်။ ရည်ရွယ်ချက်ကြောင့် လှုပ်ရှားမှုသည် ဦးတည်ချက်မှန်ကန်၍ ပိုမိုထိရောက်ပေသည်။

အမေရိကန်နိုင်ငံတွင် ဆရာဝန်တစ်ဦးသည် လူငယ်နှစ်ဦးအား အရပ်အမောင်း၊ ကိုယ်အတိုင်းအထွာနှင့် အလေးချိန်ညီမျှအောင် ရွေးချယ်ယူပြီးနောက် အလေးမနည်းဖြင့် ကိုယ်ကာယလှပအောင် လေ့ကျင့်စေလေသည်။ ထိုသို့လေ့ကျင့်ရာ၌ တစ်ဦးအား မည်သည့်လှုပ်ရှားလေ့ကျင့်မှုသည် ကိုယ်ခန္ဓာ၏မည်သည့်နေရာမှ ကြွက်သားများအတွက်ဖြစ်သည်ဟု တိကျစွာအသိပေး၍ လေ့ကျင့်တိုင်း သက်ဆိုင်ရာကြွက်သား၏ တောင့်တင်းပြည့်ဖြိုးမှုကို အထူးအာရုံစိုက်၍ လေ့ကျင့်စေလေသည်။ ကျန်တစ်ဦးကိုမူ အလားတူလေ့ကျင့်ခန်းကိုပင် အကြိမ်အရေအတွက်တူညီစွာလေ့ကျင့်စေသော်လည်း မည်သို့မျှ ရှင်းလင်းမပြောပြဘဲ အမှတ်မဲ့ပင် လှုပ်ရှားလေ့ကျင့်စေလေသည်။ ထိုသူနှစ်ဦးအား တတ်နိုင်သမျှအာဟာရညီမျှအောင်လည်း ကျွေးမွေးထားလေသည်။ နှစ်လခန့်ကြာသောအခါ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုကို စိစစ်တိုင်းထွာသောအခါ အသိစိတ်နှင့် သက်ဆိုင်ရာ ကြွက်သားတွင် အာရုံသွင်း၍ ဂရုစိုက်လေ့ကျင့်သူမှာ ပို၍ ဖွံ့ဖြိုးတိုးတက်သည်ကို လက်တွေ့သိရလေတော့သည်။

ဤသာဓကဖြင့် ရည်ရွယ်ဦးတည်ချက်ရှိခြင်းသည် အောင်မြင်မှုအတွက် ကာယကံမြောက်အားဖြင့် မည်မျှ အကျိုးပြုနိုင်သည်ကို သတိပြုနိုင်လေသည်။

တစ်မြို့တည်းနေ ကျောင်းနေဖက် သူငယ်ချင်းနှစ်ဦးသည် ရံဖန်ရံခါ တွေ့သည်မှအပ အနေဝေး၍သွားခဲ့ပြီး တစ်နေ့သောအခါ သူငယ်

mgyoe.com

mgyoe.com


ချင်းတစ်ဦး၏အိမ်တွင် ပြန်၍ဆုံမိကြလေသည်။

ထိုအခါ ဧည့်သည်မိတ်ဆွေသည် အိမ်ရှင်၏စာအုပ်စင်ကို ကြည့်၍ အတော်အံ့ဩမိရုံမျှမက မမျိုသိပ်နိုင်ဘဲ ဖွင့်ဟ၍ပင်မေးရလေသည်။

"နေပါဦးဗျာ၊ ခင်ဗျားစာအုပ်စင်မှာ ဘာသာရပ်အလိုက် စာအုပ်တွေဟာ သိပ်စုံလှပါကလား။ ဆိုင်တွေမှာ မတွေ့ဖူးတဲ့စာအုပ်တွေပါ စုံတဲ့အပြင် ကတ်ကတ်သတ်သတ် အကြောင်းအရာတိုင်းပဲ လိုလေသေးမရှိ စုံလွန်းလှပါကလား။ ဒါတွေများ ဘယ်လိုလုပ်စုထားလိုက်တာလဲ"

ထိုအခါ အိမ်ရှင်မိတ်ဆွေက ပြန်၍ဖြေလေသည်။

"ကျွန်တော်ကတော့ သွားလေရာရာ၊ ရောက်လေရာရာမှာ စာအုပ်ပဲရှာဖွေ၊ စာအုပ်ပဲမေးစမ်း၊ စာအုပ်ပဲအလုပ်လုပ်ပြီး စုဆောင်းနေတာကိုးဗျ"

ထိုနောက် မိတ်ဆွေနှစ်ဦးသည် ရုပ်ရှင်ကြည့်ရန် ရုပ်ရှင်ရုံသို့ ထွက်သွားကြလေသည်။ အချိန်စောသေး၍ ရုံဝ၌ရုပ်စောင့်နေကြလေသည်။ ထိုအခိုက် ဖြတ်သန်းသွားလာကြသူများထဲမှ ဧည့်သည်မိတ်ဆွေအား နှုတ်ဆက်သွားကြသူများမှာ မိနစ်ပိုင်းအတွင်း၌ပင် ၂၀ ခန့် ရှိနေလေသည်။ ဖြတ်သန်းသွားသူ ငါးယောက် ဆယ်ယောက်လျှင် အနည်းဆုံး တစ်ယောက်ယောက်ကမူ ထိုမိတ်ဆွေအား တရင်းတနှီး နှုတ်ဆက်သွားကြသည်သာဖြစ်၍ ထိုမိတ်ဆွေမှာ ပြုံးရရယ်ရ နှုတ်ဆက်ရနှင့်ပင် မအားလပ်အောင် ရှိနေပေသည်။

ထိုအခါ အိမ်ရှင်မိတ်ဆွေသည် နှုတ်ပိတ်၍ မနေနိုင်တော့ဘဲ မေးမိလေသည်။

"ခင်ဗျားကလည်း လာသမျှလူတိုင်း သိနေတာပဲ၊ ခင်ဗျားသိတဲ့လူတွေ ကုန်ပဲ မကုန်နိုင်သေးဘူးလား၊ တစ်မြို့လုံးရှိတဲ့ လူတွေအားလုံးပဲ

mgyoe.com

mgyoe.com


ခင်ဗျားသိနေရှော့လား"

ထိုအခါ မိတ်ဆွေများသူက ပြန်၍ဖြေလေသည်။

"သိတာပေါ့ဗျာ၊ ကျွန်တော်က တွေ့သမျှလူမိတ်ဆွေဖွဲ့နေတာပဲ၊ ယုတ်စွအဆုံး ဘတ်စ်ကားတစ်ခါစီးရင် မိတ်ဆွေတစ်ယောက်တော့ ရအောင်ဖွဲ့ပစ်လိုက်တာပဲ၊ မိတ်ပဲရှာနေတော့ မိတ်ဆွေတွေချည်းဖြစ်နေတာပေါ့ဗျာ"

ထိုသူနှစ်ယောက်ကို လေ့လာလျှင် တူညီသောကာလအတွင်း၌ စာအုပ်ရှာမည်၊ စုမည်ဟူသော ရည်ရွယ်ချက်ထားသူက စာအုပ်စုမိသကဲ့သို့ မိတ်ဆွေရှာမည်၊ စုမည်ဟူသော ရည်ရွယ်ချက်ထားသူက မိတ်ဆွေစုမိသည်ကို တွေ့ရှိနိုင်ပေသည်။

အကယ်၍ ဘာရည်ရွယ်ချက်မျှမရှိဘဲ နေလာခဲ့ကြပါမူကား စားကာ၊ သောက်ကာ၊ အသက်ရှင်ကာမျှနှင့်သာ ပြီးပေလိမ့်မည်။ မီးရထားစီးသူသည် ဆင်းမည့်ဘူတာကို ရည်မှတ်ထားပြီး ဖြစ်ရပေမည်။

ကျွန်ုပ်တို့သည် လူ့ဘဝကိုရောက်ရှိလာကြပြီးဖြစ်ရာ ရည်မှန်းချက်တစ်ခုခုကို သတ်မှတ်ထားကြရပေလိမ့်မည်။

လောကတွင် ဖြစ်နိုင်စရာ၊ ဖြစ်လိုစရာများ ပြည့်နှက်နေပေသည်။ မိမိဖြစ်လိုသောအတိုင်းအဆ ပမာဏပန်းတိုင်ကို ရွေးချယ်၍ ဦးတည်မှန်းထားရပေလိမ့်မည်။ 'ငါဘယ်အခြေအနေကို ရောက်ရမယ်' ဟူသော ထိထိမိမိရည်မှန်းချက်ကား ရှိနေရပေမည်၊ ရည်မှန်းချက်ရှိပြီးသော် ထိုလမ်းကိုဖြောင့်ဖြောင့်ဦးတည်၍ မရမနေလိုက်ရပေမည်။

"ကျုပ် မိန်းမယူရင် ဥစ္စာလည်းပေါရမယ်၊ ရုပ်လည်းချောရမယ်၊ လိမ္မာလည်း လိမ္မာရမယ်၊ အိမ်ကိုလည်း လိုက်နေနိုင်သူ ဖြစ်ရမယ်၊ အမေနဲ့လည်း တည့်ရမယ်" စသည်ဖြင့် အကောင်းဆုံးကိုချည်း တွက်ဆကာ ကောင်းသမျှ၊ မြင့်သမျှ၊ တိုးတက်သမျှ ဘဝအားလုံးကို ရည်

mgyoe.com

mgyoe.com



မှန်းချက်ထား၍ကား မဖြစ်နိုင်ပေ။ တစ်ကြိမ်တည်းပြသော ရုပ်ရှင်ကား ၁၀ ကားကို တစ်ပြိုင်တည်းအားလုံးကြည့်လို၍ မဖြစ်နိုင်ပေ။ အကောင်း အမွန်ဟူသမျှ လိုလားအပ်သော်လည်း သတ်သတ်မှတ်မှတ်တစ်ခုခု၊ တစ်မျိုးမျိုးကိုသာ ဦးတည်ချက်ထားရပေလိမ့်မည်။ သို့မှသာ မိမိစွမ်း အင်အားလုံးကို မခွဲမဖြာရဘဲ တစ်လမ်းတည်းတွင် စုသွန်၍ အသုံးချ နိုင်ပေမည်။ ရည်ရွယ်ချက် မမှန်မဝါး မရောမထွေးဘဲ ပြတ်သားတိကျ မှသာလျှင် လုပ်ငန်းစဉ်လည်း ပြတ်သားတိကျပေမည်။

ကျွန်ုပ်တို့သည် မိမိဘဝအတွက် အဖြစ်လိုဆုံးသော အနေ၊ အ ရောက်လိုဆုံးသောအဆင့်၊ အခံယူလိုဆုံးသောဘဝကို ရွေးချယ်ပြီးနောက် "ငါ ဒီအခြေ၊ ဒီစခန်းအထိ မရောက်ရောက်အောင် ကြိုးစားမယ်" ဟူ သော အဓိဋ္ဌာန်ကို ပိုင်ပိုင်ချထားရပေမည်။ လူလားမြောက်သည်နှင့် တစ်ပြိုင်နက် မိမိဘဝပန်းတိုင်ကို မိမိမှန်းထားပြီး ရှိရပေမည်။ ကြုံရာ ကွေ့တွင် ကြုံရာတက်နှင့် လှော်မည်ဟူသော သဘောထားမျိုးမှာ ပျော့ ညံ့သောစိတ်ထားဖြစ်ပေသည်။ ကံပစ်ချရာဟူ၍ မိမိလုံ့လကို စွန့် ပယ်ကာဖြစ်သလိုနေ၍ ရောက်ချင်ရာရောက်ဟူသော လူဖျင်းလူညံ့တို့ ထုံးကို နှလုံးမမူသင့်ပေ။

တိုးတက်အောင်မြင်လိုသောသူသည် ရေမျောကမ်းတင် ဆိုက်ချင် ရာသို့ဆိုက်ခြင်းမျိုးကို လိုလားလိမ့်မည်မဟုတ်ပေ။ မိမိဆိုက်ကပ်နား နေလိုရာသို့ ကိုယ်တိုင်ပဲ့ကိုင်ကာ ကိုယ်တိုင်လှော်ခတ်ခြင်းမျိုးကိုသာ လိုလားရပေလိမ့်မည်။

သင်၌ ခြေလက်လည်း ရှိသည်။ ဦးခေါင်းနှင့် မျက်စိလည်းရှိ သည်။ သွေးနှင့် အသည်းနှလုံးလည်းရှိသည်။ နားနှင့် ပါးစပ်လည်း ရှိသည်။ သို့ပါလျက် သင်၏ဘဝပန်းတိုင်ကို သင်ကိုယ်တိုင် အဘယ်ကြောင့် မစဉ်းစားသနည်း၊ မရှုကြည့်သနည်း၊ မဆုံးဖြတ်သနည်း၊ အဓိဋ္ဌာန်

mgyoe.com

mgyoe.com


မပြွက်ဆိုသနည်း။ ကမ္ဘာပေါ်၌ ကြီးကျယ်ထွန်းကားနေသည်ဟု ဆိုကြသူများသည် ၃၂ ကောဋ္ဌာသဟူသော ကိုယ်ခန္ဓာပိုင်ဆိုင်ရာ၌ သင့်ထက်သာလွန်သူများမရှိချေ။

❖

mgyoe.com

mgyoe.com

## မိမိကိုယ်တိုင် ရွေးချယ်ပါ

မလှုပ်မရှားတတ်သော ကလေးသည် ရေဆာသည်ရှိသော်လည်း အထိန်းအယတို့က အလိုက်သိစွာ တိုက်ကျွေးမှသာ သောက်ခွင့်ရလေသည်။ အရွယ်ရောက်၍ ကိုယ်တိုင် ကိုင်တွယ်တတ်ပြီးသော ကလေးမှုကား မည်သူ တိုက်ကျွေးသည်ကိုမျှ အကြောင့်ကြမခံဘဲ သူဆာလောင်မွတ်သိပ်သော အချိန်တွင် သူသောက်လိုသမျှသောဒရကို သူ့လက်ဖြင့်ပင် ခပ်၍သောက်ပေလိမ့်မည်။ ကျွန်ုပ်တို့သည် ငယ်ရွယ်စဉ်ကာလက လိုလားအပ်သော ပန်းတိုင်ကို မျက်မှောက်ပြုမိအောင် မိဘတို့က ပတ်ဝန်းကျင်ကောင်းများဖန်တီး၍ သွေးနှီးပေးခြင်းခံရစေကာမူ အရွယ်ရောက်လာသောအခါတွင်ကားမိမိပန်းတိုင်ကို မိမိရွေးချယ်ရပေလိမ့်မည်။

"သားသား၊ ကြီးလာရင် ဘာလုပ်မလဲ"

"သမီး ကြီးလာရင် ဘာလုပ်မလဲ"

mgyoe.com

mgyoe.com


"အနော်၊ ကျစ်ဗိုကြီးရုပ်မယ်"

"မီးမီး၊ ချရာဝန်မကြီးရုပ်မယ်"

စသည်ဖြင့် သားသမီးတို့၏ စိတ်သန်ရာ၊ စွဲလမ်းရာ၊ ဆန္ဒရှိရာကို မိဘတို့ကမေးမြန်း၍ ကျေနပ်ကြလေသည်။ ဤကား ဘဝရည်မှန်းချက်ကို မျိုးစေ့ချပေးခြင်းသာဖြစ်လေသည်။

သို့ရာတွင် ထိုသားသမီးများ၏စိတ်၌ မှန်းတမ်းမိသမျှ အကောင်အထည်ပေါ်အောင် ပြုစုလမ်းကြောင်းပေးခြင်းရှိသော မိဘလည်းရှိ၍ ပြောကာဆိုကာ ရယ်မောကာနှင့် အမှတ်မဲ့နေတတ်သော မိဘမျိုးလည်းရှိပေသည်။ ကလေးငယ်များအနေနှင့်လည်း စိတ်ကူးပေါက်ခိုက် ကြုံရာပြောတတ်သောကလေးလည်းရှိ၍ စွဲစွဲလမ်းလမ်း လိုလားဆန္ဒရှိသော ကလေးမျိုးလည်းရှိပေသည်။ မည်သို့ပင်ဖြစ်စေ၊ ထိုကလေးတို့၏ ဘဝအနာဂတ်ပုံစံသည် အရိပ်အဆင်မပေါ်သေးသောကာလ၌ပင်ရှိနေပေသေးသည်။ သို့ရာတွင် လူမှန်းသိ၍ ဘဝကိုပုံစံချတော့မည့်အချိန်၌ကား မိမိလိုလားရာဘဝကို စူးစိုက်ရွေးချယ်ရမည်မှာ ကာယကံရှင်၏ လုံးဝတာဝန်ဖြစ်လာပေသည်။ မိဘများသည် သားသမီးတို့၏ဘဝရွေးချယ်မှုကို အာဏာထားရမည့်သူများမဟုတ်ဘဲ ကူညီပံ့ဆောင်ပေးရမည့် သူများသာဖြစ်လေသည်။

အနာဂတ်ကိုပိုင်ဆိုင်သော လူငယ်တို့သည် ဇာတ်ခုံပေါ်မှ မင်းသားမင်းသမီးများဖြစ်၍ မိဘများမှာ ဇာတ်စင်အောက်မှ ဆိုင်းဆရာများဖြစ်လေသည်။ သူတို့ ကပြသော ကကြိုး ကကွက်ကို မြိုင်ဆိုင်အောင် ကျကျနန တီးပေးရုံသာ ရှိလေသည်။

အရွယ်ရောက်လာသောအခါ ငယ်ငယ်က စိတ်ကူးယဉ်ပုံမျိုးမဟုတ်တော့ဘဲ ဘဝပန်းတိုင်နှင့် ပိုမိုနီးစပ်လာပြီဖြစ်၍ ပန်းတိုင်ကို ထင်ထင်ရှားရှားမြင်သာအောင် ကြည့်ရှုစိစစ်ရတော့မည်ဖြစ်လေသည်။ ထိုပန်း

mgyoe.com

mgyoe.com



တိုင်အတွက် ခရီးစခန်းကိုလည်း စတင်ချီတက်ရတော့မည်ဖြစ်လေသည်။ ဤအချိန်သည် ပန်းတိုင်နှင့် ခြေလှမ်းကို တူရူဆိုင်မိအောင် စတင်ရမည့် အချိန်ပင်ဖြစ်ပေသည်။

ငယ်ရွယ်သောကလေးတို့တွင် ဘဝရည်မှန်းချက်ပန်းတိုင်ရှိကောင်းရှိပေမည်။ သို့ရာတွင် သူတို့အတွက် ဘဝပန်းတိုင်ကို ဆုံးဖြတ်ရန် စောသေး၍ ပညာတတ်မြောက်ရေးဟူသော ပန်းတိုင်ကိုသာ မှန်းထားရပေမည်။ အရွယ်ရောက်၍ ကျောင်းသင်ဘာသာရပ် ရွေးချယ်ရတော့မည့် အတန်းအဆင့်တွင်ကား ဘဝပန်းတိုင်ကို ရေးရေးရိပ်ရိပ်မျှပုံဖော်ရန် လိုအပ်လာပြီဖြစ်လေသည်။ အကြင်လူငယ်သည် ဝိဇ္ဇာဘာသာတွဲကို သင်ယူမည်လော။ သိပ္ပံဘာသာတွဲကို သင်ယူမည်လော။ မည်သည့်ဘာသာတွဲ၌ မည်သည့်ပညာရပ်တွင် ပေါက်ပေါက်မြောက်မြောက်သင်ကြားတတ်မြောက်လိုပါသနည်း။

ဤခေတ်သည် 'ဆယ်တန်းအောင်ရုံနှင့် ရုံးစာရေးဖြစ်နိုင်သည်' ဟူသော ရည်ရွယ်ချက်မျိုးနှင့် အချိန်ကုန်ရမည့် ခေတ်မဟုတ်ပေ။ ပညာရေးလမ်းကြောင်းကို စတင်ရွေးကတည်းက ဘဝလမ်းကြောင်းကို ပုံဖော်ရတော့မည်ဖြစ်၍ မိမိဘဝပန်းတိုင်ကို မှန်းထားရပေမည်။

"ဝတ်လုံလိုက်ရင် ပိုက်ဆံသိပ်ရတယ်တဲ့"

"ဆရာဝန်ဖြစ်လာရင် ငွေကိုသဲ့ယူသလိုပဲ"

"စစ်ဗိုလ်ဖြစ်မှ အရှိန်အဝါရှိတယ်"

စသည်ဖြင့် သူပြောလူပြောစကားများကို စဉ်းစားစရာမလိုပေ။ မိမိဝါသနာ၊ မိမိကျွမ်းကျင်မှု၊ မိမိမြတ်နိုးလိုလားမှု၊ မိမိကြိုးစားမှု စသည်တို့ပြည့်ဝခဲ့လျှင် မည်သည့်အလုပ်ကို ရွေးချယ်သည်ဖြစ်စေ၊ အောင်မြင်ကြီးပွားမည်သာ ဖြစ်လေသည်။ သူငယ်ချင်းများ အဆွဲဆောင်ကောင်း၍ဖြစ်စေ၊ မိဘတိုက်တွန်း၍ဖြစ်စေ၊ အပြင်ပန်းအဆောင်အယောင်ကို

mgyoe.com

mgyoe.com



ငှဲ့ကွက်၍ဖြစ်စေ၊ မိမိ မကျွမ်းကျင်စိတ်မဝင်စားဘဲ ရွေးချယ်ပါမူကား အောင်ပန်းဆွတ်နိုင်ရန် မလွယ်ပေ။ အောင်မြင်မှုပန်းတိုင်သို့ တွန်းပို့နိုင်သော စွမ်းအင်နှစ်ရပ်မှာ စိတ်ကလိုချင်တောင့်တခြင်းနှင့် အရည်အသွေးလိုက်မီနိုင်ခြင်းတို့သာ ဖြစ်ပေသည်။

မည်သည့်အလုပ်သည် ကြီးပွားတိုးတက်သော အလုပ်ဖြစ်သည်ဟူ၍ ဆုံးဖြတ်ရန်ကား မဖြစ်နိုင်ပေ။ အလုပ်ချင်းသာ ဂုဏ်ပြိုင်မည်ဆိုလျှင် ကြီးစွာသော စကားရည်လုပွဲကြီးများ ကျင်းပ၍လည်း ပြီးဆုံးမည်မဟုတ်ပေ။ ရည်ရွယ်ချက်မှန်မြတ်လျှင် အလုပ်တိုင်းမှန်မြတ်၍ ဘဝသုခပြည့်ဝလျှင် အလုပ်တိုင်း ကျေနပ်နှစ်သိမ့်ဖွယ်ရာ ဖြစ်ပြီး ကျွမ်းကျင်မှုရှိသော အလုပ်တိုင်း သက်သာလွယ်ကူသည်သာ ဖြစ်ပေသည်။ အရေးကြီးသည်မှာ မိမိလုပ်လိုသောအလုပ်ကို လုပ်ကိုင်နိုင်ရေးပင် ဖြစ်လေသည်။ လုံ့လ၊ အရည်အသွေး၊ ယုံကြည်မှုနှင့် အပြည့်အဝကြိုးစားသော အလုပ်တိုင်းသည် ဘဝကို အထွတ်အထိပ်သို့ ပို့ဆောင်ပေးနိုင်မည်ဖြစ်လေသည်။

ဘဝ၏ ရည်မှန်းချက်မှာ များပြားလှပေသည်။ နာမည်တစ်လုံးဟိုးလေးတကျော် သမိုင်းမဆုံ ပျံ့နှံ့စေလိုသလော။ မရေမတွက်နိုင်သော ကုဋေကုဋာအသပြာပိုင်ရှင်ဖြစ်လိုသလော။ သာယာမှုစည်းစိမ် အပြည့်အဝခံစားလိုသလော။ အများပြည်သူကို အကျိုးပြုနိုင်ဆုံးသော အာဇာနည်ဖြစ်လိုသလော။ နှလုံးသား ငြိမ်းချမ်းမှု အပြည့်အဝရရှိလိုသလော။ ရန်သူတကာ ဦးညွတ်ပျပ်ဝပ်ရာ ပုဂ္ဂိုလ်ထူးဖြစ်လိုသလော။ သူ့ထက်သူမော်ကြွားဝင့်ဝါနိုင်သူ ဖြစ်လိုသလော။

အလိုဆန္ဒဟူသည်မှာ အတောမသတ်အောင် ကြွယ်ဝလှပေသည်။ စင်စစ်အားဖြင့် မိမိအကျိုး၊ သူတစ်ပါးအကျိုးပြည့်ဝ၍ အေးချမ်းသာယာစွာဖြင့် ထူးခြားသော အောင်ပန်းတစ်ခုခုကို ပန်ဆင်နိုင်သူဖြစ်လျှင် လုံ

mgyoe.com

mgyoe.com


လောက်သည်ဟု ဆိုစရာရှိပေသည်။ မည်သို့ပင်ဖြစ်စေ... ထားလိုသော မှန်းထားချက်ကိုထားနိုင်ပေသည်။ အရေးကြီးသည်မှာ မှန်းထားချက်သည် ကိုယ်တိုင်လိုက်မီအောင် ကြိုးစားဖြည့်တင်းရန် အမှတ်တကယ်ရွေးချယ်ထားသည့်ပန်းတိုင်မျိုးသာ ဖြစ်ရပေမည်။

မိုးပေါ်က ကြယ်များရစေရမည်ဟူ၍ ကြယ်ကြွေမည့်အချိန်ကို စောင့်လင့်နေခြင်းကား အဓိပ္ပာယ်မရှိပေ။ မိမိတက်ရောက်လိုသော နေရာကို တောင်ဝှေးထောက်၍ဖြစ်စေ၊ သစ်ကိုင်းဆွဲ၍ဖြစ်စေ၊ လေးဖက်ကုန်း၍ဖြစ်စေ၊ ဝမ်းလျားထိုး တွား၍ ဖြစ်စေ မရောက်ရောက်အောင် တက်မည်ဟု အားခဲထားသူများ၏ ရည်မှန်းချက် ပန်းတိုင်မျိုးပင် ဖြစ်ရပေမည်။

❖

mgyoe.com

mgyoe.com

# တကယ်ရောက်နိုင်သည်

ဘဝတစ်ခုရှိသူတိုင်းတွင် ရည်မှန်းချက် ပန်းတိုင်တစ်ခုရှိပေလိမ့်မည်။ ထိုသူသည် ထားရှိသောပန်းတိုင်သို့ တကယ်ချီတက်နေသူလည်း ဖြစ်ရပေမည်။

ပန်းတိုင်လည်း ရှိသည်။ ချီတက်သူလည်း ရှိသည်။ ချီတက်ခြင်းနှင့်လည်း ပြည့်စုံသည်။ ဤသူသည် ဤပန်းတိုင်သို့ တစ်နေ့နေ့တွင် မုချရောက်ရမည်သာတည်း။

မှန်းထားသော ပန်းတိုင်သို့ တကယ်ရောက်မှ ရောက်နိုင်ပါမည်လော။

ဤသံသယမျိုးကို လူတိုင်းပင် တွေးရှုံ့မိတတ်ပေသည်။ တကယ်ရောက်နိုင်မည်ဟု တကယ်ယုံကြည်လျှင် တကယ်ပင် ရောက်နိုင်ပေသည်။ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ချီတက်မနေမိရန်သာ လိုပေသည်။ မိမိပန်းတိုင်သည် နီးကောင်းနီးမည်။ ဝေးကောင်းဝေးမည်။ နီးလျှင်

mgyoe.com

mgyoe.com


အရောက်မြန်၍ ဝေးလျှင် အရောက်နှေးပေမည်။ ချီတက်နှုန်းကြီးမား လျှင် အရောက်မြန်၍ ချီတက်နှုန်းအားပျော့လျှင် အရောက်နှေးပေမည်။ ဤကွာခြားချက်မှတစ်ပါး မရောက်နိုင်ဟူ၍ကား မည်သူမျှ မပြောနိုင်ပေ။

ဟိမဝန္တာတောင်သည် သင်၏မြောက်အရပ်၌ ရှိသည်။ သင်သည် ဟိမဝန္တာသို့ တကယ်ရောက်လို၍ တကယ်ပင်စတင်ကာ တကယ်ပင် မြောက်စူးစူးသို့ မပြောင်းမရွေ့လှမ်းသွားနေပါက ဟိမဝန္တာသို့ ရောက်နိုင် ဖွယ်မရှိဟူ၍ မည်သူ ဆိုရဲပါမည်နည်း။ အကယ်၍ သွားနှုန်းနှေး၍ ခရီးဝေးကွာလွန်းပါက ဘဝ၏အချိန်ကာလနှင့် တွက်ဆ၍မမီနိုင်စရာ ရှိကောင်းရှိပေမည်။ သို့ရာတွင် ဟိမဝန္တာသို့ ရောက်နိုင်သော ခရီးလမ်း တွင် တစ်နေ့ထက်တစ်နေ့ ပို၍နီးကပ်လာပြီကိုကား ဝန်ခံရပေမည်။

အကယ်၍ ခရီးပြင်းနှင်နိုင်ပါမူ တကယ်ပင် ရောက်ရှိရပေမည်။ မြစ်၊ ချောင်း၊ တော၊ တောင်၊ လျှိုမြောင်၊ ကမ်းပါး၊ ချောက်နှင့် ရာသီဥတု ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန်သာ လိုပေမည်။ ထိုစွမ်းအင်နှင့် ပြည့်ဝပါမူကား မရောက်နိုင်စရာ အကြောင်းမရှိပေ။

စင်စစ်သော်ကား ဘဝ၏ရည်မှန်းချက်တွင် တစ်ဘဝအတွင်း ထောက်မီနိုင်ကောင်းသော စခန်းပန်းတိုင်ကိုသာ စိစစ်ရွေးချယ်မှန်းထား သည်ဖြစ်ရာ လဗိမာန်သို့ အတောင်တပ်၍ ပျံသန်းမည်ဟူသော ပန်းတိုင် ရွေးချယ်မှုမျိုးကား ရှိမည်မဟုတ်ပေ။ လဗိမာန်သို့ တက်လိုလျှင်လည်း အမြန်နှုန်းအလွန်မြင့်မားသော ယာဉ်တစ်မျိုးမျိုး တီထွင်ကြံဆနိုင်စွမ်း ခြင်းဖြင့်သာလျှင် မှန်းထားရပေလိမ့်မည်။ မည်သည့်မှန်းထားချက်ပင် မဆို စွမ်းအင်နှင့် ပန်းတိုင်ခရီးကိုချိန်ဆ၍ ဖြည့်စွမ်းရန် လက်တွေ့ပီသ သော (ဝါ) စိတ်ကူးယဉ်မဆန်သောပန်းတိုင်မျိုးဖြစ်ပါက ဆိုက်ရောက်ရ မည့်လမ်းသာ များပေသည်။

သဘာဝလောကတွင် အကြောင်းအားလျော်စွာ အကျိုးဖြစ်ပေါ်ရ

mgyoe.com

mgyoe.com


ကြောင်းကို သဘာဝတ္တပညာရှင်များက နှစ်ပေါင်းများစွာကပင် အခိုင်အမာ အဆိုပြုထားခဲ့ကြပြီး ဖြစ်၍ သိပ္ပံပညာရှင်များကလည်း စွမ်းအင်နှင့် တုံ့ပြန်စွမ်းအင်ချင်း တူမျှကြောင်းကို သာဓကတင်ခဲ့ကြပြီး ဖြစ်လေသည်။ မိမိထုတ်လုပ်သမျှစွမ်းအင်နှင့် ညီမျှသော အကျိုးသည်မုချပေါ်ထွက်ရမည်မှာ သေချာပေရာ မိမိပန်းတိုင်အရောက် ကြိုးပမ်းအားထုတ်သမျှသည် ထိုပန်းတိုင်ခရီးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ပေါက်ရောက်ရမည်မှာ သေချာနေပေသည်။ တစ်မိုင်ခရီးကို လွန်လျှင် နှစ်မိုင်ခရီးကို ရောက်ပေမည်။ လမ်းခရီး၌ ရပ်တန့်၍သာမနေပါက သို့မဟုတ် စိတ်ပျက်အားငယ်စွာ နောက်ကြောင်းပြန်၍သာ မလျှောက်ပါက မိုင် ၁၀၀၊ မိုင် ၁၀၀၀ သို့မုချရောက်ရမည်။ မရောက်ဘဲ နေမည်ကား မဟုတ်ပေ။

ယနေ့ရောက်မည်လော၊ နက်ဖြန်ရောက်မည်လော၊ နောက်လမှ ရောက်မည်လော။ ဤအဖြေကား လှမ်းသွားနေသူ၏ စွမ်းအင်ပေါ်၌သာ အဖြေတည်ပေသည်။ ပန်းတိုင်သည် မြင်သာထင်သာခရီးဖြစ်ပါက ဗေဒင်မမေးဘဲ ရောက်ရမည်ဟူ၍သာ စိတ်ချလက်ချ ချီတက်ရန် ဖြစ်ပေသည်။

ဘဝသည် တိုက်ပွဲတစ်ခုဖြစ်သကဲ့သို့ ခရီးရှည် ချီတက်ပွဲလည်း ဖြစ်လေသည်။ ချီတက်နေရန်နှင့် နောက်ပြန်မဆုတ်ရန်မှာ လူသားတိုင်း၏ တာဝန်ပင်ဖြစ်၍ ပန်းတိုင်ရောက်ရေးမှာ အားထုတ်ကြိုးပမ်းမှု၏ နောက်၌အသင့်ရှိသော ပြေးမလွတ်သည့် ရလဒ်ပင်ဖြစ်ပေသည်။ နှစ်နှင့်နှစ်ကိုပေါင်းပါက လေးရမည်မှာ ရင်လေးစရာမလိုပေ။ လေးကိုမလိုချင်လျှင်လည်း လေးကိုပင် ရပေမည်။ နှစ်နှင့် နှစ်ကိုပေါင်းနေခြင်းသည် လေးရစေမည့်တွက်ကိန်းပင်ဖြစ်၍ မှန်မှန်ကန်ကန်ပေါင်းရန်နှင့် ယောင်မှား၍ မနုတ်မိရန်သာ သတိပြုရပေမည်။ လေးရမှရပါမည်လားဟူ၍ ရင်ဖိုဖွယ်ရာမရှိပေ။

mgyoe.com

mgyoe.com


သင့်ဘဝအတွက် ရေရေရာရာ ပန်းတိုင်တစ်ခုခု ဆုံးဖြတ်ထားပြီး မရှိသေးလျှင် ယနေ့ပင် ဘဝပန်းတိုင်ကို ရွေး၍ နက်ဖြန်မှ စ ကာ ထို ပန်းတိုင်သို့ သွားရာလမ်းအတိုင်း လိုက်ပါလေ။

သတိပြုရန်မှာ မိမိပန်းတိုင်သည် သဲကန္တာရတစ်ဖက်မှ ရေအိုင်အစစ် အမှန်သာ ဖြစ်ရပေမည်။ တံလျှပ်ကို ရေအိုင်ထင်စားကာ ပန်းတိုင် ချမှတ်ခြင်းမျိုးကား မပြုသင့်ပေ။

ထပ်မံ၍ သတိပြုရန်မှာ ပန်းတိုင်တိုင်းအတွက် ဖြတ်လမ်းဟူ၍ မရှိပေ။ ပန်းတိုင်တိုင်းအတွက် တစ်လမ်းစီသာ ရှိပေသည်။ အခြားလမ်းမှ သွားလျှင် အခြားပန်းတိုင်သို့သာ ရောက်ပေမည်။ အခြားပန်းတိုင်သည် ထိုပန်းတိုင်မဟုတ်နိုင်ပေ။ ပန်းတိုင်တစ်ခုသို့ ဦးတည်ခရီးထွက်ပြီးမှ အခြားပန်းတိုင်သို့ ချီတက်ရန် စိတ်ပြောင်းလဲခဲ့ပါလျှင် အတူတစ်လမ်း စီ ချီတက်နေသူများ၏ နောက်၌ နောက်ကျန်နေလိမ့်မည်သာ ဖြစ်ပေ သည်။

ဘဝပန်းတိုင်ကို တစ်ဘဝတွင် တစ်မျိုးသာ သတ်မှတ်သင့်၍ ပန်း တိုင်အမျိုးမျိုး ပြောင်းလဲနေခြင်းသည် သတ်မှတ်သော ပန်းတိုင်မရှိခြင်း နှင့် အတူတူပင် ဖြစ်လေသည်။

ဘဝတွင် အောင်မြင်သူများသည် ရည်မှန်းချက်တစ်ခုကို ချထားပြီး လျှင် ပြောင်းလဲခြင်း ပြုလေ့မရှိပေ။ မူလကတည်းက ရွေးချယ်ချမှတ် ပြီး ဖြစ်ပေရာ ပြောင်းလဲစရာ အကြောင်းလည်း မရှိပေ။ မအောင်မြင် လျှင် အောင်မြင်အောင်သာ ဆက်လက်ကြိုးပမ်းရပေမည်။ ရည်မှန်းရာ ပန်းတိုင်သို့ မရောက်နိုင်တော့၍ ပန်းတိုင်ပြောင်းရသူမှာ မူလက မိမိ စွမ်းအင်၊ ဆန္ဒနှင့် ပန်းတိုင်ခရီးကို မှန်ကန်စွာ မတွက်ဆနိုင်သော လူညံ့ များသာ ဖြစ်ပေသည်။ ထိုလူများသည် ဆန္ဒကို မဖြည့်စွမ်းနိုင်သော အရှုံးသမားများသာ ဖြစ်လေသည်။

mgyoe.com

mgyoe.com


အောင်မြင်မှုအပေါင်းတွင် မိမိအလိုဆန္ဒကို ပြည့်မြောက်အောင် မှန်ကန်စွာ ဆောင်ရွက်နိုင်ခြင်းသည်သာ ကြီးစွာသော အောင်မြင်မှုဖြစ်ပေသည်။ မိမိဆန္ဒကို မိမိစွမ်းရည်က အလျှော့ပေးရခြင်းသည် ဆုံးရှုံးခြင်းပင် ဖြစ်ပေသည်။ ဆန္ဒဟူသည်မှာ စွမ်းရည်၏ ရှေ့ပြေးပင် ဖြစ်ပေသည်။

ရည်မှန်းချက် ပန်းတိုင်မရှိသော ဘဝသည် လိပ်စာမပါသောစာနှင့် တူပေသည်။ ခြေလက်ကျိုးသော ပုစွန်လုံးနှင့်လည်း တူပေသည်။ ပန်းတိုင်ရှိလျက်နှင့် အရောက်မလှမ်းသော ဘဝသည် ဖွဲ့.ဖွဲ့.နွဲ့.နွဲ့.ရေးထားပြီးမှ မထည့်ဖြစ်သော စာနှင့်တူပေသည်။ ဆောင်းအတွင်း၌ အုပ်မိထားသော ပုစွန်လုံးနှင့်လည်း တူပေသည်။ ဘဝတစ်ခုလုံးအတွက် ပန်းတိုင်ကို မျှော်မှန်းရည်စူးပြီးခဲ့သော် နေ့စဉ်ပြုလုပ်ဆောင်ရွက်သမျှသည် အနည်းနှင့်အများအားဖြင့် ထိုပန်းတိုင်ဆီသို့ ဦးတည်အောင်လည်း ကြံဆောင်ကြိုးစားရပေမည်။ ယုတ်စွအဆုံး အိပ်မက်မက်လျှင်ပင် ထိုပန်းတိုင်ကို လမ်းညွှန်သော အိပ်မက်ကိုမက်စေ၍ သီချင်းဆိုလျှင်ပင် ထိုပန်းတိုင်ရည်ရွယ်ချက်တစ်စိတ်တစ်ဒေသပါဝင်သော သီချင်းကိုသာ သီဆိုရပေလိမ့်မည်။

❖

mgyoe.com

mgyoe.com

## တန်ဖိုးရှိအောင်အသုံးချ

မြစ်ရေဟူသည်မှာ ဒီရေပေါက်သော ဒေသမဟုတ်ခဲ့လျှင် အညာမှ အကြေသို့သာ စီးမြဲဖြစ်လေသည်။ လှေတစ်စင်းကို မြစ်ကြောတွင် လွှတ်ထားပါက ပင်လယ်သမုဒ္ဒရာသို့ အရောက်မျောပါကောင်း မျောပါပေမည်။ သို့မဟုတ်ပါက ကျောက်ဆောင်တံစူးများနှင့် တိုက်ခိုက်မိ၍ ပျက်စီးကောင်း ပျက်စီးပေမည်။ သို့မဟုတ်ပါက သောင်တွင် ငြိတင်ရာမှ ဖျားရေတက်ရေတွင် မျောပါပျက်စီးရပေမည်။ အထက်အညာလိုရာသို့ ဆန်တက်နိုင်မည်ကား ဝေးပေလိမ့်မည်။

ထိုလှေ ရေစီးဒဏ်ကို ကျော်လွှားကာ ဆန်တက်စေလိုက အားစိုက်လှော်ခတ်ရပေလိမ့်မည်။ အားစိုက်လှော်ခတ်မှု မရှိဘဲနှင့်မူကား လှေငယ်သည် ရေစုန်မျောလိမ့်မည်သာ ဖြစ်ပေသည်။ ထိုနည်းတူပင်လျှင် ဘဝဟူသည်မှာ အစဉ်မျောပါနေသောအရာပင် ဖြစ်လေသည်။ ကျွန်ုပ်တို့ ကိုယ်ခန္ဓာသည်ပင် နေ့စဉ်ပျက်ယွင်းနေလေသည်။ စားသောက်သော

mgyoe.com

mgyoe.com


အာဟာရ၊ ဖြည့်တင်းသောခွန်အား၊ ကုမရသော ဆေးဝါးတို့ကြောင့် ပျက်လေသမျှထက် အသစ်ဖြစ်လေသမျှက အင်အားအဆသာလွန်သော အခါ၌ ဖွံ့ဖြိုးကြီးထွား၍ ဖြစ်နိုင်စွမ်းထက် ပျက်လေအားက သာလွန်သောအခါ၌ တစ်နေ့တခြား ယွင်းပါးအိုမင်းရလေသည်။ ထိုကြောင့် သဘာဝ၏အပျက်အားကို ကျော်နင်းလွှမ်းမိုးအောင် ကြိုးပမ်းထူထောင်နိုင်သော သူများအတွက်သာလျှင် ဘဝသည် တိုးတက်ပေလိမ့်မည်။

စင်စစ်အားဖြင့် ဘဝဟူသည် အောင်မြင်စွာ ရုန်းကန်နေဆဲကာလ အခိုက်အတန့်ပင် ဖြစ်လေသည်။ မရုန်းကန်နိုင်သည်နှင့်တစ်ပြိုင်နက် လျော့ကျပေလိမ့်မည်။ အင်အားကြီးမားစွာ ရုန်းကန်နိုင်သော်မူကား တက်၍ပင် နေပေဦးမည်။

ထိုသဘာဝကို စိစစ်ကြည့်ခဲ့လျှင် ဘဝကို ဖြစ်သလိုပစ်ထား၍ မသင့်ကြောင်းကို စဉ်းစားမိကြမည်ဖြစ်ပေသည်။ သူ့အလိုလိုပစ်ထားခဲ့လျှင် ကောင်း၍မလာဘဲ ဆိုး၍သွားမည်မှာ သေချာပေသည်။ ကိုယ်ပေါ်ရှိ အနာတစ်ခုကို ဆေးဝါးမလိမ်းသပ်မကုစားဘဲနေပါက သဘာဝ အလျောက် ပျောက်ကင်းကောင်း ပျောက်ကင်းနိုင်သော်လည်း ဘဝကို မကုစားဘဲဖြစ်သလို စွန့်ပစ်ထားပါက ပို၍သာ ပျက်စီးလျော့ကျသွားပေလိမ့်မည်။

သင်သည် အလွန်လုပသောကြောင်ကလေးတစ်ကောင်ကို ရလျှင် ထိုကြောင်ကလေးကို ရေထဲသို့လွှင့်ပစ်မည် မဟုတ်ပေ။ အစာရေစာ မကျွေးဘဲ ပိန်ခြောက်ကာ သေသွားအောင် ထားမည်မဟုတ်ပေ။

အကယ်၍ သင်၏ဘဝသည် ထိုကြောင်ကလေးထက် အဆပေါင်း မရေမတွက်နိုင်အောင် သာလွန်သည်ဟု ယူဆပါလျှင်လည်း ထိုဘဝကို အဖိုးမတန်အောင် မထိန်းမယဘဲ စွန့်ပစ်နိုင်မည်မဟုတ်ပေ။ ဘဝကို အပိုင်ရထားသူသည် ထိုဘဝကို ထိုက်တန်အောင် ပြုစုပျိုးထောင်ရပေ

mgyoe.com

mgyoe.com


လိမ့်မည်။ အန္တရာယ်တို့မှ ကာကွယ်ရပေမည်။ ထိုဘဝမှ ပေါ်ထွက်အံ့သော အကျိုးကျေးဇူးကို ခံစားရပေမည်။ ထိုဘဝ၏ အဆင့်အတန်း အခြေအနေကို မြှင့်တင်ရပေမည်။ ထိုဘဝကို ကြောင်ကလေး တစ်ကောင်ထက် ပို၍ပို၍ ယုယရပေလိမ့်မည်။

ဘဝကို ရရှိပိုင်ဆိုင်ထားပါလျက် တန်ဖိုးရှိအောင် အသုံးမပြုနိုင်လျှင် မိမိသာ ဆုံးရှုံးရပေလိမ့်မည်။ မေတ္တာလက်ဆောင်ရသော ရုပ်ရှင်လက်မှတ်ကို မကြည့်ဘဲ ဆုတ်ပစ်သူ၊ လေယာဉ်လက်မှတ်ဝယ်ပြီးမှ မစီးဘဲချန်နေသူ၊ ထီပေါက်ပြီးမှ ဆုငွေမထုတ်သူများထက် အဆပေါင်းများစွာ မိုက်မဲရာကျပေလိမ့်မည်။

❖

mgyoe.com

mgyoe.com

## ကံကြမ္မာ၏လက်သည်

ဥယျာဉ်ထဲ၌ အလေ့ကျပေါက်နေသော မြက်ပင်များပင်ဖြစ်လင့်ကစား မလိုသောမြက်ကို နုတ်ပစ်၍ လိုသောမြက်ကို ထားကာ ညီညာအောင် ရိတ်ဖြတ်ပေးသောအခါ လှပသော မြက်ခင်းဖြစ်လာလေသည်။ မပြုမပြင်ဘဲထားပါက ပန်းရုံများသည်ပင် ချုံပုတ်ကြီးများဖြစ်၍သွားနိုင်လေသည်။ ထိန်းကျောင်းပြုပြင်ယုယမှုသည် လိုသောပုံစံကို ဖော်ထုတ်နိုင်စွမ်းစေလေသည်။

ထို့အတူပင် ကျွန်ုပ်တို့ ရရှိပိုင်ဆိုင်သော ဘဝသည် အရိုင်းသက်သက်သာဖြစ်၍ မပြုပြင်၊ ပုံမသွင်းရသေးပေ။ အရိုင်းအတိုင်း စွန့်ပစ်ထားလျှင်သော်လည်းကောင်း၊ ကြည့်ရှု၍ မသာယာသော ပုံမျိုးသွင်းထားလျှင်သော်လည်းကောင်း၊ အဖိုးတန်လာမည်မဟုတ်ပေ။ ဘဝကို တန်ဖိုးရှိအောင် စနစ်တကျ ဂရုစိုက်၍ ပုံသွင်းပြုပြင်ပေးရပေမည်။ ဖြစ်သလိုထားလျှင် ဖြစ်သလိုပင် ရိုင်း၍သွားပေလိမ့်မည်။

mgyoe.com

mgyoe.com


ဘဝသည် ပြုပြင်၍ရသောအရာဖြစ်ပြီး ကျွန်ုပ်တို့တွင် ပြုပြင်မြှင့်တင်နိုင်သော စွမ်းရည်များ အထိုက်အတန် ရှိနေပေသည်။ ချမ်းသာအောင် လုပ်ချင်လျှင် ချမ်းသာနိုင်၍ ကျော်ကြားအောင် လုပ်ချင်လျှင် ကျော်ကြားနိုင်ပေသည်။ ပညာရှင်တစ်ဆူလုပ်ချင်လျှင်လည်း ပညာရှင်တစ်ဆူလုပ်နိုင်ပေသည်။ ဤသို့ လုပ်ဆောင်ရာ၌ နှေးခြင်းမြန်ခြင်းသာ ရှိပေမည်။ လုံးဝ ပြုပြင်ကြိုးစား၍ မရနိုင်တော့ဟူ၍ကား မဆိုနိုင်ပေ။

"ယနေ့ သည်လိုနေကြသူများသည် သည်လိုနေကြသူများ၊ သည်လိုနေရအောင် လုပ်ခဲ့သူများသာ ဖြစ်ပေသည်" ဟု ကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ဦးက ဆိုဖူးလေသည်။ လူတိုင်းသည် မိမိတို့၏ကံကြမ္မာကို ဖန်တီးနေသောလက်သည်များ ဖြစ်လေသည်။ လူတစ်ဦးနှင့်တစ်ဦးသည် ဉာဏ်အခြေအနေ၊ ကျန်းမာရေးအခြေအနေ၊ စီးပွားရေးအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေ စသည်အားဖြင့် မတူညီကြသည်ကား အမှန်ပင် ဖြစ်ပေသည်။ သို့ရာတွင် လူ၏ ကြိုးပမ်းမှုသည် ထိုအခြေအနေကို လွှမ်းမိုးနိုင်ကြောင်း ယုံကြည်ရပေလိမ့်မည်။

လူတစ်ယောက်သည် ရန်ကုန်မြေပေါ်တွင် မွေးမှ ပုဂ္ဂိုလ်ကျော်ဖြစ်နိုင်သော အခွင့်အရေး ပိုမိုပြည့်ဝနိုင်မည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ တောရွာတွင် ကြီးပြင်းရသူများလည်း ကမ္ဘာကျော်နိုင်ပေသည်။ မိဘကြွယ်ဝချမ်းသာမှ ပညာချွန်အောင် ကြိုးစားနိုင်မည်ဟူသော မှတ်ထင်ယူဆချက်များသည်လည်း တကက်တက်စင်အောင် လွဲချော်ရသည်လည်း ရှိပေသည်။ မျက်စိ၊ နား စသည် ချို့တဲ့သူများပင်လျှင် ထူးချွန်တိုးတက်နေကြသည်ကို သာဓကပြရန် မခဲယဉ်းပေ။ စာမေးပွဲ အကြိမ်ကြိမ်ကျသော ကျောင်းသားဖျင်းများသည် အချိန်တန်သောအခါ ဘွဲ့ထူး ရရှိကြသည်ကိုလည်း တွေ့မြင်နိုင်လေသည်။

ထိုကြောင့် အခြေအနေပြည့်စုံမှသာ တိုးတက်အောင်မြင်နိုင်သည်ဟူ

mgyoe.com

mgyoe.com


သော အယူအဆမှာ အမြဲမှန်ကန်သော ပကတိသစ္စာတရားမဟုတ်ချေ။ ကြိုးစားလျှင် အောင်မြင်သည်....ဟူသော ကောက်ချက်သည်သာ အများဆုံးမှန်ကန်သော အယူအဆ ဖြစ်လေသည်။ ဘဝကို မြှင့်တင်ရေးမှာ လုပ်လျှင်ရနိုင်သော၊ လုပ်၍ဖြစ်နိုင်သော အလုပ်ပင်ဖြစ်ရာ နေချင်သလို ဖြစ်အောင်မလုပ်ဘဲ ဖြစ်သလိုသာ နေနေခြင်းများသည် ပျော့ညံ့မှုများ ဖြစ်သည်ကို သိရှိနိုင်လေသည်။

ဖြစ်သလို ကြုံသလိုနေခြင်းသည် အနေသက်သာသည်ဟု အချို့က ထင်မှတ်တတ်ကြပေသည်။ ဤအတိုင်းဆိုလျှင် ရန်သူကို အပင်ပန်းခံ၍ မခုခံဘဲ သက်သက်သာသာ ကျွန်ခံလိုက်ရုံသာရှိပေသည်။ ကျွန်ဘဝသို့ ရောက်သောအခါ ခုခံ တိုက်ခိုက်ရသည်ထက် ပင်ပန်းမှုများကို တွေ့ဆိုင်လာရမည်ကား မချွတ်ပင် ဖြစ်လေသည်။

တန်းခုန်ပြေးပွဲဟူသည်မှာ လွတ်လွတ်လပ်လပ် ပြေးချင်၍ ပြေးနိုင်သော ပြိုင်ပွဲမျိုး မဟုတ်ပေ။ တန်းများကို ခုန်ကျော်ပြီးမှသာ ပြေးရပေမည်။ ထိုနည်းတူပင် ဘဝဟူသည်မှာ ရေသာခို အပျော့ဆွဲရသောပွဲ မဟုတ်ဘဲ အပြိုင်အဆိုင် အားထုတ်အနိုင်ယူရသော ပွဲသာ ဖြစ်ပေသည်။

လူတိုင်းတွင် ထမင်းစားရန်တာဝန်၊ အိပ်ရန် တာဝန်တို့အပြင် ပညာသင်ရန်၊ အလုပ်လုပ်ရန် စသော တာဝန်များ ရှိပေသည်။ သို့ရာတွင် တာဝန်များသည် ဘဝမြှင့်တင်ရန် သို့မဟုတ် ဘဝရည်မှန်းချက်ပန်းတိုင် ရောက်အောင် ချီတက်ရမည့်တာဝန်၏ အစိတ်အပိုင်းများသာ ဖြစ်လေသည်။

ပန်းချီကားတစ်ချပ်ကို ရေးဆွဲရာတွင် ပါဝင်သော အရာဝတ္ထုတစ်ခုစီကိုသာ အနီးကပ်အာရုံပြု၍ ရေးဆွဲခြင်းဖြင့် ကားချပ်တစ်ခုလုံး၏ အထားအသိုနှင့် အချိုးအဆကို သတိလစ်၍ သွားတတ်ပေသည်။ ထိုကြောင့် ပုံတစ်ခုလုံး၏ အဝေးမြင်ပန်းကို ချိန်ဆကာ တစ်ကားလုံးခြုံ

mgyoe.com

mgyoe.com


၍လည်း အမြင်စွဲအောင် ကြည့်မြင်ထားရပေသည်။ ထိုနည်းတူစွာပင် ဘဝ၏ အသေးစိတ် လှုပ်ရှားမှုကလေးများကိုသာ သတိထားနေခြင်းဖြင့် ဘဝတစ်ခုလုံး၏ ရည်မှန်းချက် ရုပ်လုံးပျောက်တတ်ပေသည်။ စစ်ဆင်ရေးတစ်ခုပြုလုပ်လျှင် စစ်ပွဲကလေးတစ်ခုစီ၏ ပရိယာယ်များကိုသာ မစဉ်းစားဘဲ စစ်ဆင်ရေးတစ်ရပ်လုံး၏ သေနင်္ဂဗျူဟာကိုပါ ခြုံပြီး တွက်ချက်စဉ်းစားရစမြဲ ဖြစ်ပေသည်။ ထိုနည်းတူပင်လျှင် ဘဝတစ်ခုလုံး၏ စစ်ဆင်ရေးတစ်ရပ်လုံးကိုပါ အခါမလပ် ခြုံ၍ငုံ၍ သုံးသပ်ပြင်ဆင်ခြင်းလည်း ရှိရပေမည်။

လူတစ်ယောက်သည် (အူဝဲ) ဟူသော အသံကို စ၍ ဟစ်လိုက်သည်နှင့် တစ်ပြိုင်နက် လူဖြစ်ကျိုးနပ်သွားသည် မဟုတ်ပေ။ လူ့ဘဝကို စတင်ခြေချရုံမျှသာ ရှိပေသေးသည်။ လူဖြစ်ကျိုးနပ်သည်မှာ ရည်မှန်းထားသော ဘဝပန်းတိုင်၌ ခြေစုံချမိသည့်အခါမျှသာ ဖြစ်ပေသည်။ လူတိုင်းသည် ဘဝပန်းတိုင်ကိုရောက်ပြီးနောက်တွင် သူ၏တာဝန်များ ကြွင်းကျန်နေဦးမည်ဖြစ်သော်လည်း တောင်ထိပ်သို့ရောက်ပြီး သူသည် တောင်ထိပ်တွင် ဆက်လက်ရပ်တည်ရန်အတွက် များစွာမခက်ခဲတော့သည့်အတိုင်း ဘဝ၏ အခက်ခဲဆုံးသော အပိုင်းများကား ကျန်ရှိတော့မည်မဟုတ်ပေ။

မိမိ၏ အဓိဋ္ဌာန်သည်

"ငါ ဘယ်အခြေအနေကို ရောက်ရမယ်"ဟူ၍သာမကဘဲ "ငါ ဘယ်အခြေအနေကို ရောက်အောင်ကြိုးစားမယ်" ဟူ၍ အားထုတ်မှုအတွက်ပါ အဓိဋ္ဌာန်ပြုရပေမည်။ ရည်မှန်းချက်ထားရသည်မှာ အလွန်လွယ်ကူ၍ ရည်မှန်းချက်ပေါက်အောင် ကြိုးစားရသည်မှာ အလွန်ခက်ခဲပေသည်။

ရည်မှန်းချက်ချခြင်းသည် ခရီးလမ်းဆုံးမဟုတ်ဘဲ ခရီးလမ်းအစသာ

mgyoe.com

mgyoe.com


လျှင် ဖြစ်ပေသည်။ သို့ရာတွင် အစမရှိသော ခရီးအတွက် ခရီးလမ်းဆုံးဟူသည်မှာ ရှိနိုင်ကောင်းသော အရာမဟုတ်ပေ။

ရည်မှန်းချက်သည် စိတ်ကူးယဉ်မှုနှင့် ပဓာနကွဲလွဲချက်များရှိပေသည်။

ရည်မှန်းချက်၌ ဖြစ်မြောက်နိုင်သော အခြေအမြစ်ရှိ၍ ဆက်လက်ဖြည့်စွမ်းရန် တာစူခြင်း၊ အရအမိ ဆောင်ရွက်ရည်မှန်းထားခြင်း၊ အဓိဋ္ဌာန်ချမှတ်ခြင်းများလည်း ပါဝင်လေသည်။ ရည်မှန်းချက်သည် တကယ့်အောင်မြင်ပြီးမြောက်မှုအတွက် ခိုင်မာသော အုတ်မြစ်လည်း ဖြစ်လေသည်။ ဘဝ၏ လမ်းအဆင့်ဆင့်သို့ တွန်းပို့နိုင်သော စွမ်းအင်နှင့်လည်းပြည့်စုံပေသည်။ လိုလားတောင့်တသော ဆန္ဒကိုလည်း အမြဲရှင်သန်စေနိုင်လေသည်။ ဘဝ၏ အားသစ် အင်သစ်များကိုလည်း နှိုးဆွစည်းရုံးပေးလေသည်။

ထို့ကြောင့် ဘဝတွင် ရည်မှန်းချက်ပန်းတိုင် ချမှတ်ခြင်းကို စိတ်ကူးယဉ်ခြင်း၊ စိတ်ဖြေသိမ့်ခြင်းမျိုးနှင့် ကွဲပြားခြားနားစွာ နားလည်ရပေလိမ့်မည်။ ပုံစံထုတ်ရာတွင် ဆန်းသစ်သလောက် ပကတိအဆောက်အအုံသည် ဆန်းသစ်ကြီးကျယ်ရသည်ကို ကောင်းစွာ နှလုံးသွင်းရပေလိမ့်မည်။

❖

mgyoe.com

mgyoe.com

## မိမိကိုယ်ကို လက်နက်တပ်ဆင်ပါ

စစ်ထွက်မည့်တပ်မတော်သားသည် ရန်သူကို ချေမှုန်းရန် မိမိလက်နက်ကိရိယာများကို ပြင်ဆင်ပေလိမ့်မည်။ အမဲလိုက်မည့်မုဆိုးသည် လေး၊ မြား၊ ဓား၊ လှံတို့ကို ပြင်ဆင်ပေလိမ့်မည်။ မိမိတို့၌ လက်နက်အားအင်ပြည့်စုံမှသာ မိမိရင်ဆိုင်ရမည့်အရေးအခင်းကို အောင်မြင်စွာ အနိုင်ယူနိုင်မည်ဖြစ်ပေသည်။ မိမိ၌ လက်နက်တစ်စုံတစ်ရာမျှ မတပ်ဆင်ဘဲလျက် အရေးအခင်းကို ရင်ဆိုင်နိုင်စွမ်းလိမ့်မည်ကား မဟုတ်ပေ။

ဘဝတွင် အရေးအခင်းကို ရင်ဆိုင်မည့်သူများသည်လည်း ထိုနည်းတူစွာပင် မိမိတို့ကိုယ်၌ လက်နက်တပ်ဆင်ရပေလိမ့်မည်။ သဲကန္တာရအတွင်း ခရီးသွားမည့်သူသည် စားရေရိက္ခာ အလုံအလောက် သယ်ဆောင်ဖြည့်တင်းရသည့်နည်းတူ ဘဝ၏ ကန္တာရကိုဖြတ်ကျော်မည့်သူသည်လည်း လိုအပ်သော စားရေရိက္ခာတို့ကို ဖြည့်တင်းထားရပေလိမ့်မည်။ လက်ချည်းသက်သက် ချီတက်၍ အောင်ပန်းဆင်နိုင်မည်မဟုတ်ပေ။

mgyoe.com

mgyoe.com


ဘဝရည်မှန်းချက်ပန်းတိုင်နှင့် ချိတ်ဆက်ရန် အစီအစဉ်ရှိပြီးသော်လည်း မလုံလောက်သေးပေ။ ချိတ်ဆက်နိုင်ရန် အားအင်လက်နက်ပြည့်စုံရန် လိုပေသေးသည်။ ချိတ်ဆက်နိုင်သော အားအင်မရှိဘဲနှင့်မူကား ပန်းတိုင်နှင့် နီးစပ်ရန် မလွယ်ပေ။

ကုန်ပစ္စည်းထုတ်လုပ်မည့်သူသည် ကုန်ကြမ်းနှင့် ကုန်ထုတ်ကိရိယာ ဟူသော အရင်းအနှီးလိုပေလိမ့်မည်။ ထိုပစ္စည်းများပြည့်စုံမှသာ ကုန်ထုတ်စွမ်းအင်သည် အကောင်အထည်ပေါ်ပေလိမ့်မည်။

ထို့ကြောင့် ဘဝကိုရင်ဆိုင်ကာ ဘဝ၏ပန်းတိုင်ကိုလှမ်းတက်နေသူများသည် အဆန်မပါသော သကြန်အမြောက်ကဲ့သို့ အားအင် လက်နက်အရင်းအနှီးမပါဘဲ ဟန်ရေးပြရုံမျှနှင့် ခရီးမရောက်နိုင်ပေ။ မိမိကိုယ်ကို လက်နက်တပ်ဆင်၍ မိမိစွမ်းရည်ကို တိုးမြှင့်ရပေဦးမည်။

ပညာသင်ကြားခြင်းသည် ဘဝခရီးလမ်းအတွက် လက်နက်တစ်စိတ်တစ်ဒေသ တပ်ဆင်ခြင်းပင်ဖြစ်လေသည်။ ပညာအခြေခံသည် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အင်အားကို ဖြည့်တင်းပေးလိမ့်မည် ဖြစ်လေသည်။ သို့ရာတွင် ထိုမျှနှင့်ကား ပြည့်စုံလုံလောက်လိမ့်ဦးမည် မဟုတ်ပေ။ မိမိ၏ရည်မှန်းချက်အားလျော်စွာ ရည်မှန်းချက်ကို ဖြည့်နိုင်ကောင်းသော စွမ်းရည်လက်နက်များ ဖြည့်တင်းရပေလိမ့်ဦးမည်။

ဥပမာအားဖြင့် ဆရာဝန်ဖြစ်လိုသူသည် ဆေးပညာကို ကျွမ်းကျင်ပြည့်ဝအောင် သင်ကြားရပေလိမ့်မည်။ ထိုပညာနှင့် ဆက်စပ်နေသော အသိအမြင်နှင့် ပညာရပ်များကို လေ့လာရပေလိမ့်မည်။ ဆရာဝန်တစ်ယောက်အတွက် လိုအပ်သောတိကျမှု၊ လျင်မြန်မှု၊ သွေးအေးအေးနှင့် စဉ်းစားဝေဖန်တတ်မှု၊ အဆုံးအဖြတ်ရဲရင့်ပိုင်နိုင်မှု၊ စဉ်းစားဉာဏ်လေးနက်မှု၊ အတွေ့အကြုံကြွယ်ဝမှု စသည့် အရည်အချင်းများ ပြည့်ဝအောင် လေ့ကျင့်ဖြည့်တင်းရပေမည်။

mgyoe.com

mgyoe.com


နိုင်ငံခေါင်းဆောင်ဖြစ်လိုသူသည် အမြော်အမြင်ကြီးမှု၊ ပြဿနာကို အခြေအမြစ်မှ သုံးသပ်တတ်မှု၊ ဆက်ဆံရေးပြေပြစ်မှု၊ အပြောအဟော လေးနက်ထိရောက်မှု၊ စည်းရုံးသိမ်းသွင်းတတ်မှု၊ သမိုင်းဖြစ်ရပ်နှင့် သင်ခန်းစာကို ပိုင်နိုင်စွာ ထုတ်ယူတတ်မှု၊ စီမံခန့်ခွဲတတ်မှု၊ သဘောတရား ပိုင်နိုင်စွာ ချမှတ်နိုင်မှု၊ ရဲရင့်စွာ ရှေ့ဆောင်နိုင်မှု စသော အရည်အချင်း များနှင့် ပြည့်စုံစေရပေလိမ့်မည်။

မိမိ ဖြစ်လို၊ ရောက်လိုသော ဘဝအတွက် လိုအပ်သော အရည်အချင်း လက်နက် တပ်ဆင်ထားရပေလိမ့်မည်။ စိတ်ကဖြစ်ချင်ရုံမျှနှင့် ဖြစ်နိုင်လောက်သောစွမ်းရည်မရှိခဲ့လျှင် မိမိနှင့် ပန်းတိုင်သည် နီးကပ်လာရန် အကြောင်းမရှိနိုင်ပေ။

ယုတ်စွအဆုံး ဆာမွတ်သူသည် အစားအစာကိုရအောင် ရှာဖွေနိုင်စွမ်းရပေလိမ့်မည်။ အစာရှာဖွေနိုင်စွမ်းမျှမရှိလျှင် ဘဝတည်တံ့ရေး အတွက်ပင်လျှင် မျှော်လင့်ဖွယ်မရှိနိုင်ပေ။

❖

mgyoe.com

mgyoe.com

## ကိုယ်ခံရှိရမည်

သေးငယ်သော ပုရွက်ဆိတ်သည် အစာရှာတတ်ပေသည်။ အနံ့ခံ ကျွမ်းကျင်လေသည်။ မြေတွင်းတူး၍ အုံဖွဲ့တတ်ပေသည်။ အစာရှိရာသို့ ထိုးဖောက်ဝင်ရောက်နိုင်စွမ်းပေသည်။ လမ်းကြောင်း ရှာတတ်ပေသည်။ လမ်းရှိရာသို့ လိုက်တတ်ပေသည်။ ရန်သူအား ကိုက်ခဲခုခံတတ်ပေသည်။ စားရေရိက္ခာ စုဆောင်းသိုလှောင်တတ်ပေသည်။ လုံခြုံအေးမြသော နေရာကို ရွေးတတ်ပေသည်။ ဤအရည်အသွေးများဖြင့် သူ့ဘဝကို ရပ်တည်ထားနိုင်လေသည်။ နွေမိုးဆောင်း ဥတုသုံးပါး၏ ဒဏ်ကိုခံကာ ရန်သူကိုလည်း ကာကွယ်နိုင်လေသည်။ အမျိုးတူရာ အစုအဖွဲ့ကိုလည်း တွယ်တာပူးပေါင်းတတ်လေသည်။

ကျွန်ုပ်တို့သည် ပုရွက်ဆိတ်ထက် အဆပေါင်းများစွာကြီးမားသည် ဖြစ်ရာ၊ ကျွန်ုပ်တို့အရည်အသွေးသည်လည်း အဆပေါင်းများစွာ ကြီးမားရပေမည်။ အရည်အသွေး ဟူသည်မှာ အပြည့်အစုံဝမ်းတွင်းပါမဟုတ်

mgyoe.com

mgyoe.com


ပေရာ လုံ့လပြု၍ ဖြည့်တင်းရပေမည်။ တပ်ဆင်ရပေမည်။ တိုးမြှင့်ရပေမည်။ သို့မှသာ ဘဝကို ကြံ့ကြံ့ခံရပ်နိုင်ရုံမက လိုရာပန်းတိုင်သို့ အရောက် လှမ်းနိုင်ပေမည်။

ရုံးတစ်ခုတွင် အောက်တန်းစာရေး တစ်နေရာ လစ်လပ်လေရာ လူငယ်ပေါင်း ၁၀၀ ကျော် လျှောက်ထားကြလေသည်။ ထိုလျှောက်ထားသော လူငယ်ပေါင်း ၁၀၀ ကျော်လုံးကပင် ထိုအလုပ်ကို လိုချင်ကြသည်မှာ သေချာပေသည်။ ရလျှင်လည်းရ၊ မရလျှင်လည်း ရှိစေ ဟူ၍ လျှောက်လွှာဖိုးကို ထီထိုးသကဲ့သို့ အဆုံးထား၍ ကံစမ်းသူများလည်း ပါကောင်းပါပေမည်။ သို့ရာတွင် ထိုသူအားလုံးပင် ထိုအလုပ်ကို ပေးမည်ဆိုပါက လက်ခံလိုသောကြောင့်သာ လျှောက်ထားကြခြင်း ဖြစ်လေသည်။ သို့တိုင်အောင် သတ်မှတ်ထားသော အရည်အချင်းဖြစ်သည့် အထက်တန်း ကျောင်းထွက် စာမေးပွဲအောင်မြင်သူနှင့် တက္ကသိုလ်စာမေးပွဲ အောင်မြင်သူ ဦးရေမှာ ၁၂ ယောက်သာ ပါရှိလေသည်။

ထိုအလုပ်အတွက် လိုအပ်သော အရည်အချင်းကိုမျှ မဖြည့်စွမ်းနိုင်ကြဘဲ အလုပ်လိုချင်သည်ဆိုသူများအတွက် အံ့ဩဖွယ်ရာ ဖြစ်ပေလိမ့်မည်။ ထိုသူများသည် အလုပ်ကိုသာ လိုချင်၍ အလုပ်ရနိုင်လောက်သော အရည်အချင်းကို မဖြည့်တင်းဘဲ နေကြသည်မှာကား အမှန်ပင် ဖြစ်ပေသည်။ ထိုကြောင့်လည်း အလုပ်အတွက် ခေါ်ယူစစ်ဆေးခြင်းကိုမျှ မခံကြရတော့ချေ။

သတ်မှတ်ထားသော စာမေးပွဲအောင်မြင်သူများကို တစ်ယောက်ပြီး တစ်ယောက် ခေါ်၍ စစ်မေးသောအခါ ပို၍ပင် အံ့ဩဖွယ်ရာ တွေ့ရှိရပေသည်။

စစ်မေးသော လူငယ် ၁၂ ယောက်အနက် လက်နှိပ်စက်ရိုက်တတ်သူတစ်ယောက်သာ ပါဝင်လေသည်။ ကျန်လူများမှာ စာမေးပွဲ အောင်

mgyoe.com

mgyoe.com


ထားပြီးဖြစ်၍ လက်နှိပ်စက်ရိုက် သင်ကြားရန် မလိုဟု သဘောထားကြောင်း ဖြေကြားကြလေသည်။ သို့ရာတွင် လက်နှိပ်စက်၊ စာရင်းကိုင်၊ လက်ရေးတို၊ စာကူးစက်ရိုက် စသည့်ပိုမိုတတ်ကျွမ်းသူသည် စာမေးပွဲအောင်ထားသူချင်း ယှဉ်လျှင် အလုပ်ရရန် ပို၍ အခွင့်အလမ်းသာသည်ကို သတိမပြုမိကြချေ။ ထိုမှတစ်ပါး ရုံးစာရေးလျှောက်ထားသူများအနက် အောက်တန်းစာရေးလစာ မည်မျှရသည်ကိုလည်းကောင်း၊ အောက်တန်းစာရေးမှ အထက်သို့ အဆင့်ဆင့်တက်လှမ်းနိုင်မည့် အလုပ်အဆင့်ဆင့်ကိုလည်းကောင်း၊ အတွင်းဝန်ရုံး အဘယ်မှာရှိသည်ကိုလည်းကောင်း၊ မိမိအလုပ်လျှောက်သော ဌာန၏အကြီးအကဲတာဝန်ခံ မည်သူဖြစ်သည်ကိုလည်းကောင်း၊ အချို့မသိကြပေ။

သတင်းစာအမျိုးပေါင်း မည်မျှပေါ်ထွက်လျက်ရှိသည်ကိုမျှ ရေတွက်မပြတတ်သူ၊ စာရွက်ကိုဖိုင်တွဲရန်မျှ မဖောက်တတ်သူ၊ အလုပ်ဌာနအမည်ကိုမျှ သတ်ပုံမှန်အောင် မပေါင်းတတ်သူ စသည်သူများကိုလည်းတွေ့ရလေသည်။ ထိုလူမျိုးကို စာရေးအဖြစ် ခန့်ထားရန် မည်သည့်နည်းနှင့်မျှ ကျေနပ်လောက်ဖွယ်တွေ့ရမည်မဟုတ်ပေ။

အမှန်အားဖြင့် စာရေးဖြစ်လာလျှင် သင်ကြားပြောပြ၍ တစ်ခဏနှင့် တတ်သိနိုင်ကောင်းသော အရာများပင် ဖြစ်လေသည်။ ထိုမျှမသိနားမလည်သဖြင့် စာရေးအလုပ်ကို လုပ်နိုင်မည်မဟုတ်ဟူ၍ တထစ်ချယူဆနိုင်မည်ကား မဟုတ်ပေ။ သို့ရာတွင် စာရေးလုပ်လိုသူ၊ အလုပ်ရယူလိုသူဖြစ်ပါလျက် မိမိလိုသောအလုပ်ကို ရရှိနိုင်အောင် သိသင့်သိရာကလေးကိုမျှ လည်လည်ဝယ်ဝယ် မေးမြန်းမှတ်သား လေ့လာထားခြင်းမရှိသည်ကို ထောက်သော် ထိုသူသည် အလုပ်ရချင်သည့်ဆန္ဒမှလွဲ၍ ရရာရကြောင်းကို မည်သို့မျှ ကြိုးပမ်းအားထုတ်ဖြည့်တင်းပြင်ဆင်ခြင်းမရှိသည်ကို တွေ့ရပေသည်။

mgyoe.com

mgyoe.com


ဤသို့ မိမိအောင်မြင်မှုအတွက် အားထုတ်လှုပ်ရှားမှု တစ်စုံတစ်ရာ မပြုတတ်သော ထုံထိုင်းလေးပင်တတ်သည့် ဉာဉ်စရိုက်သည်ကား စာရေး အလုပ်အတွက် စဉ်းစားဖွယ်ရာ ရှိပေလိမ့်မည်။ အလုပ် လျှောက်ထားသူ သည် မိမိ လျှောက်ထားသည့် အလုပ်၊ ထိုအလုပ်သဘာဝ၊ ထိုအလုပ် ဌာန စသည်တို့နှင့် ပတ်သက်၍ သိစရာ၊ မှတ်စရာ၊ လေ့ကျင့်သင်ကြား ထားစရာတို့ကို ကြိုတင်ပြင်ဆင်၍ မိမိသည် အခြားသူများထက် အထိုက် တန်ဆုံးဖြစ်ကြောင်း ပြသရန် ကြိုးစားရပေလိမ့်မည်။ လိုအပ်သော အရည်အသွေးကိုသာ အပြည့်အဝတပ်ဆင်ထားခဲ့လျှင် လျှောက်ထား သော အလုပ်ကိုရနိုင်ရန် အလားအလာ အများဆုံး ရှိပေလိမ့်မည်။ အလုပ်ပေးအပ်သူသည် မည်သူမဆို အထိုက်တန်ဆုံး၊ အသာလွန်ဆုံး၊ စွမ်းရည်အပြည့်ဆုံး လူကိုသာ ရွေးချယ်လိုပေလိမ့်မည်။ မိမိသည် ထိပ်ဆုံးအရည်အသွေး ပြည့်ပြည့်ဝဝ တပ်ဆင်ထားပြီးဖြစ်လျှင် ထိုနေရာ ကို မိမိသာ ရရှိပေလိမ့်မည်။

အလုပ်ရှာသူ၊ အလုပ်လျှောက်သူ၊ အလုပ်လိုသူများအနက် များ သောအားဖြင့် တစ်စုံတစ်ခုကိုမျှ မိမိရရမလုပ်တတ်သူများသာလျှင် များပေသည်။ ထိုသူများအနက် မည်သည့်အလုပ်ကိုလုပ်လိုသနည်း... ဟု မေးလျှင် မဖြေတတ်ဘဲ ရရာအလုပ်ကို လုပ်ပါမည်ဟူ၍သာ ဖြေဆို တတ်လေသည်။ ရရာ အလုပ်လုပ်မည်ဆိုသူအား ယာဉ်မောင်းခိုင်း၍ ရပါမည်လော။ အုတ်စီခိုင်း၍ ရပါမည်လော။ ပုံနှိပ်စာစီခိုင်း၍ရပါမည် လော။ ထိုသူသည် ပန်းထိမ်၊ စက်ချုပ်၊ သံဖြူလုပ်၊ လက်သမား၊ ဆိုင်း ဘုတ်ရေး စသည်တို့ကိုလည်း လုပ်တတ်လိမ့်မည် မဟုတ်ပေ။ ရရာ အလုပ်ဟု ဆိုသော်လည်း ဘာမျှ ကျွမ်းကျင်မှု မလိုသည့် ဂိုဒေါင်စောင့် အလုပ်၊ မြက်နုတ်အလုပ်၊ ပဲရွေးအလုပ်၊ လက်မှတ်သိမ်း အလုပ်မျိုးကို သာ စိတ်ကူးမိပေလိမ့်မည်။ စင်စစ် ထိုအလုပ်များသည်ပင် ပျင်းရိနွေး

mgyoe.com

mgyoe.com


ကွေးသူမျိုးအတွက် မသင့်လျော်သည်ကို သိနားလည်မည်မဟုတ်ပေ။

အလုပ်လိုချင်သည် ဆိုသူများသည် အများအားဖြင့် အချိန်တန်လျှင် မကြောင့်ကြရဘဲ လုပ်ခပုံသေရရန် သေချာသော လခစားအလုပ်တစ်ခုကို မျှော်မှန်းသူများသာ ဖြစ်နေတတ်လေသည်။ ဓားတစ်ချောင်း၊ လင်ပန်းတစ်ခုနှင့် ပိတ်စိမ်းပါးတစ်လွှာသာ အရင်းအနှီးလို၍ ငွေနှစ်ကျပ်၊ သုံးကျပ်နှင့်လည်း၍ ရောင်းနိုင်သည့် ဖရဲသီး၊ သဘော်သီး၊ နာနတ်သီး စသည်ကို ရောင်းရန် စိတ်ကူးမည်မဟုတ်ပေ။

ဆေးထောင်းမည်၊ ရေထမ်းမည်၊ လွှတိုက်မည်၊ ဆိုက်ကားနင်းမည်၊ ပစ္စည်းသယ်မည် စသည်ဖြင့် ကာယအားကိုး လုပ်ငန်းမျိုးကိုလည်း စိတ်ကူးရဲမည် မဟုတ်ပေ။ သို့ရာတွင် အလုပ်လိုချင်သည်ဟူ၍ကား တဖွဖွ ကြွေးကြော်နေမည်သာဖြစ်ပေသည်။ ထိုသူသည် သက်သက်သာသာ အလုပ်ကို မျှော်လင့်နေမည်သာတည်း။

အလုပ်လိုချင်သူသည် ကာယအားနှင့် ကြိုးကြိုးပမ်းပမ်း ချွေးသံထွက်အောင် လုပ်နိုင်သလော။ မနေမနား ကူးသန်းရောင်းဝယ်ရန် မဆုတ်မနစ် စိတ်အားတက်ကြွပါသလော။ ဉာဏစွမ်းရည်ဖြင့် ထူးထူးခြားခြား တီထွင်ထုတ်လုပ်နိုင်သလော။ လက်မှုပညာ၊ စက်မှုပညာ၊ နှုတ်မှုပညာ၊ ယဉ်ကျေးမှုအနုပညာ၊ စီမံခန့်ခွဲမှုပညာ၊ အတတ်ပညာ စသည် တစ်ရပ်ရပ်ကို ကျွမ်းကျင်နိုင်နင်းပါသလော။ ထိုသို့ တစ်စုံတစ်ရာမျှ မစွမ်းမပိုင်ပါဘဲလျက် အလုပ်လိုချင်သည်ဆိုပါမူကား စိတ်မန့်သကဲ့သို့သာ ဖြစ်ပေလိမ့်မည်။

သို့တည်းမဟုတ်၊ မိမိတွင်ရှိသော အစွမ်းအစနှင့် မဆက်စပ်သည့် အလုပ်ကို မျှော်လင့်နေလျှင်လည်း မိုက်မဲရာသာ ကျပေလိမ့်မည်။

ပန်းချီမသင်ဘဲ ပန်းချီဆရာ မဖြစ်နိုင်ပေ။ ပန်းချီကားကိုကြည့်၍ ပန်းချီတတ်ချင်လှပါသည်ဟု ဆန္ဒပြင်းထန်နေရုံနှင့်လည်း ပန်းချီဆရာ

mgyoe.com

mgyoe.com


ဖြစ်မလာနိုင်ပေ။ ပန်းချီ တတ်မြောက်လိုက ပန်းချီပညာကိုပင် သင်ရပေမည်။ မိမိဖြစ်လိုသမျှ ဖြစ်နိုင်မည့် အစီအစဉ်ဖြင့် ဖြည့်တင်းရပေမည်။ မိမိဖြစ်လိုသော ရည်မှန်းချက်အတွက် လိုအပ်သမျှကို ပါရမီဖြည့်တင်းရပေလိမ့်မည်။

သူဌေးဖြစ်လိုလျှင်လည်း ဌေးနိုင်မည့် နည်းလမ်းများကို ရှာကြံ၍ လက်တွေ့ဖြည့်တင်းနိုင်အောင် စွမ်းရည်ဖြည့်ရပေလိမ့်မည်။ အရင်းအနှီးလိုလျှင် အရင်းအနှီးရအောင် ကြံဖန်တတ်ရပေမည်။ ကုန်ကြမ်းပစ္စည်းလိုလျှင် ကုန်ကြမ်းပစ္စည်းရအောင် ရှာဖွေစုဆောင်းတတ်ရပေမည်။ ဌေးအောင် လုပ်တတ်လျှင် ဌေးရပေမည်။ ကျော်ကြားအောင် ကြံဆောင်တတ်လျှင် ကျော်ကြားရပေမည်။ အမှန်အားဖြင့် ဖြစ်ချင်သမျှ၊ လုပ်ချင်သမျှကို ဖြစ်အောင်၊ လုပ်နိုင်အောင် စွမ်းရည်ပြည့်ဝရန်သာလိုလေသည်။ စွမ်းရည်ရှိလျှင် ပန်းတိုင်ရောက်ရပေမည်။

ရုပ်ရှင်ရုံထဲမဝင်မီ သုံးကျပ်ခွဲတန်းလက်မှတ်ကို ဝယ်ထားပါက သုံးကျပ်ခွဲတန်းတွင် ထိုင်၍ကြည့်နိုင်ပေမည်။ မည်သူမျှ လာ၍ နှင်ထုတ်မည်မဟုတ်ပေ။ နှစ်ကျပ်ခွဲတန်း လက်မှတ်ကိုသာ ဝယ်ယူထားပါက နှစ်ကျပ်ခွဲတန်းမှပင် ကြည့်ရပေလိမ့်မည်။ ကြည့်လိုရာ အတန်းအတွက် လိုအပ်သောလက်မှတ်ရှိထားရန်သာ လိုပေသည်။

သက်ဆိုင်ရာ လက်မှတ်ရှိထားလျှင် ကြည့်လိုသော အတန်းမှ ဝင်ကြည့်နိုင်ပေမည်။ ကြည့်လိုသော အတန်းအတွက် ကြည့်နိုင်ခွင့်ရှိသော လက်မှတ်ကိုသာ ကြိုတင်ဝယ်ယူထားပါက ထိုနေရာမှကြည့်ရရေး အထူးပူပန်နေဖွယ် မရှိတော့ပေ။

ထို့အတူပင် ရည်မှန်းသော ပန်းတိုင်အတွက် ထိုက်လျော်သော အရည်အချင်းကိုသာ စွဲကိုင်ဖြည့်တင်းထားပါက ပူပန်စိုးနှောင့်စရာ မလိုပေ။

mgyoe.com

mgyoe.com


ဆံပင်ကို ရိတ်လိုက သင်တုန်းဓားတစ်ချောင်းရှိပါစေ၊
ကြံပင်ကိုခုတ်လိုက ဓားမတစ်ချောင်းရှိပါစေ၊
သစ်ပင်ကို ဖြတ်လိုက ငါးမန်းလွှတစ်ချောင်း ရှိပါစေ။

သင်တုန်းဓားကိုကိုင်၍ သစ်ပင်ဖြတ်ရန် အားခဲ၍ ရမည်မဟုတ်ပေ။ ငါးမန်းလွှနှင့် ရိတ်စရာဆံပင်ကို ရှာနေ၍လည်း မဖြစ်နိုင်ပေ။ လိုသော ရည်မှန်းချက်အတွက် လိုသော စွမ်းအင်နှင့် ကျွမ်းကျင်မှုကိုသာ ဖြည့်တင်းမည်ဆိုလျှင် ထိုရည်မှန်းချက်ကို မုချရယူနိုင်ရပေမည်။ ကြီးမားခက်ခဲသော ရည်မှန်းချက်အတွက် ကြီးမားစွမ်းမြောက်သော အရည်အသွေးရှိရပေလိမ့်မည်။ ရည်ရွယ်ချက်ချကတည်းက လှမ်းပိုင်နိုင်ရမည်ဟု ယုံကြည်အားခဲထားပြီး ဖြစ်ပေရာ ထိုရည်ရွယ်ချက်မြောက်စေမည့် စွမ်းရည်ကိုပင် ရအောင်ဖြည့်ရပေမည်။ ရည်မှန်းချက်တစ်ကျပ်ဖိုး ထားပြီးမှ အရည်အချင်း တစ်မတ်သားဖြည့်ကာ ထိုင်နေ၍ မရနိုင်ပေ။

ဆင်ဝယ်လိုက ဆင်ဖိုးရအောင် ရှာရမည်။ ကျွဲဖိုးစု၍ ဆင်ကိုမဝယ်နိုင်ပေ။ ကျွဲဖိုးရလျှင် ကျွဲကိုသာ ဝယ်နိုင်ပေမည်။ ယနေ့ ဆင်မဝယ်နိုင်သေးလျှင် နက်ဖြန်ဝယ်နိုင်ပေမည်၊ သို့မဟုတ် နောက်နှစ်ခါ ဝယ်နိုင်ပေမည်။ ရည်မှန်းချက် မပျောက်သရွေ့ စိတ်အာရုံထဲမှ ဆင်ကြီးသည်လည်း ပျောက်ပျက်သွားမည်မဟုတ်ပေ။

ကျွန်ုပ်တို့သည် အရွယ်ရောက်လာကတည်းကပင် ဘဝပန်းတိုင်ခရီးအတွက်လိုအပ်သော လက်နက်များ တပ်ဆင်ကြရပေမည်။ ထိုလက်နက်များတွင် ပညာလက်နက်၊ စွမ်းရည်လက်နက်၊ ဝီရိယလက်နက်၊ ယုံကြည်ချက်လက်နက် စသော လက်နက်အများပါဝင်လေသည်။

တက္ကသိုလ်ပြည်သို့ ပညာသင်သွားကြသော မင်းညီမင်းသားတို့အား ဒိသာပါမောက္ခဆရာကြီးက လက်နက်တပ်ဆင်ပေးလိုက်သည့်နည်းတူ မိမိတို့ဘဝအတွက် မိမိတို့ လိုအပ်သော လက်နက်များကို

mgyoe.com

mgyoe.com


စွဲကိုင်တပ်ဆင်ကြရပေမည်။ ထိုလက်နက်များသည် မည်သည့် ရည်ရွယ်ချက် ပန်းတိုင်ခရီးအတွက်မဆို သင့်လျော်သလို သုံးစွဲနိုင်သော လက်နက်များသာဖြစ်၍ ထိုလက်နက်များ ခိုင်မာထက်မြက်အောင်မှုကား မိမိတို့ကိုယ်တိုင် ပြုပြင်ဆင်သကြရပေမည်။

❖

mgyoe.com

mgyoe.com

## ပညာလက်နက်ထက်စေ

ကျွန်ုပ်တို့ဘဝတွင် ပညာလက်နက်သည် မရှိမဖြစ်သော အခြေခံလက်နက်ပင် ဖြစ်လေသည်။ အခြေခံပညာအပြင် ဝိဇ္ဇာပညာ၊ သိပ္ပံပညာစသည်တို့ကို လိုအပ်သလို ဆက်လက်ဖြည့်တင်းရပေမည်။ အသိပညာအပြင်၊ အတတ်ပညာလည်း လိုအပ်ပေလိမ့်မည်။ ထိုမှတစ်ပါး စာအုပ်စာတမ်းနှင့် သင်ခန်းစာထဲမှ ပညာအပြင် ပတ်ဝန်းကျင်လောကမှ ပညာနှင့် အမှားအမှန်၊ အဆိုးအကောင်းကို ဉာဏ်ယှဉ်သုံးတတ်သော ဆင်ခြင်တုံပညာလည်း လိုလေသည်။ ထိုပညာများ ပေါင်းစပ်ခြင်းဖြင့် ခိုင်ခံ့ထက်မြက်သော ပညာလက်နက် စွဲကိုင်မိပြီး ဖြစ်ပေလိမ့်မည်။ ထိုလက်နက်စွမ်းကြောင့် ရည်မှန်းချက်၏ လေးပုံတစ်ပုံမှာ အောင်မြင်ရန် ကျိန်းသေ၍သွားပြီ ဖြစ်လေသည်။

ပညာသည် စွမ်းအင်မဟုတ်သေးပေ။ စွမ်းအင်ထုတ်လုပ်သော ယန္တရားမျှသာ ဖြစ်လေသည်။ ထိုကြောင့် စွမ်းအင်လက်နက်ပိုင်ဆိုင်

mgyoe.com

mgyoe.com


အောင် ကြိုးပမ်းရန်လည်း လိုလေသည်။ စွမ်းအင်သည် စွမ်းရည်ပင် ဖြစ်လေသည်။ ထုတ်လုပ်အား သို့မဟုတ် အကျိုးပြုနိုင်စွမ်းအနေဖြင့် တွက်ချက်လျှင် စွမ်းအင်ဟု ခေါ်နိုင်၍ ပိုင်ဆိုင်မှုအရည်အသွေးအား ဖြင့် သုံးသပ်လျှင် စွမ်းရည်ဟု ခေါ်ဆိုနိုင်လေသည်။

ပညာတတ်မြောက်သူတိုင်းတွင် စွမ်းရည်ပေါ်ထွက်မှုမတူညီပေ။ အချို့မှာ တတ်မြောက်သည့် ပညာအဆင့် သို့မဟုတ် ပမာဏနည်း၍ စွမ်းအင်က ကြီးမားပြီး အချို့မှာမူ ပညာအဆင့် မြင့်သလောက် စွမ်းအင် နည်းပါးတတ်ကြလေသည်။ တတ်မြောက်သောပညာကို လွှာ၍ သုံး နိုင်သလောက် စွမ်းအင်ကြီးထွား ပြန့်ကျယ်လေသည်။ အသုံးမချတတ် သော ပညာသည် ရပ်တန့်၍ ထားသော ဒိုင်နမိုစက်ကဲ့သို့ မည်သည့် စွမ်းအင်ကိုမျှ မထုတ်လုပ်နိုင်ဘဲ ရှိလေသည်။ တိုးတက်အောင်မြင်မှုအရာ ၌ ပညာစွမ်းထက် ပညာမှထုတ်လုပ်သော စွမ်းရည်၏ အစွမ်းသည်သာ ပို၍အကျိုးပြု ခြယ်လှယ်နိုင်လေသည်။

ပညာကို လွှာ၍သုံးစွဲရာ၌ သတိထားအပ်သော အချက်များရှိလေ သည်။ သိပ္ပံပညာ၏ တိုးတက်မှုများတွင် သဘောတရားတိုးတက်ဖော် ထုတ်မှုများထက် ထိုတိုးတက်မှုကို လူသားတို့အတွက် စေစားအသုံးချ နိုင်မှုကို ပို၍ အရေးပေး တန်ဖိုးထားကြပေသည်။ ရှာဖွေတွေ့ရှိချက်ဟူ သမျှသည် တစ်စုံတစ်ရာအကျိုးပြုရန်သာလျှင် ဦးတည်ချက်ပြုကြပေ သည်။

ကျောင်းတွင်သင်ကြားသော ဂျီသြမေတြီပညာ၊ သင်္ချာပညာတို့ သည် မြေတိုင်းလုပ်ငန်း၊ စာရင်းကိုင်လုပ်ငန်းတို့၌သာ အသုံးဝင်သည် မဟုတ်ပေ။ စဉ်းစားဆင်ခြင်ဉာဏ်ကို စေစားရသော နေရာတိုင်း၌ စေစား အသုံးချတတ်က အသုံးဝင်သည်သာ ဖြစ်လေသည်။

ထိုနည်းတူပင်လျှင် ရာဇဝင်သည် ဘုရင့်ကိုယ်ရေးကိုယ်တာကိစ္စ

mgyoe.com

mgyoe.com


များအနေနှင့်သာမကဘဲ လူမှုရေးသွင်ပြင်နှင့် နိုင်ငံရေးသင်ခန်းစာများ အနေဖြင့် သုံးသပ် ကောက်ချက်ထုတ်၍ ရပေမည်။ ထို့ကြောင့် သင်ကြားတတ်မြောက်သမျှကို အစိုင်အခဲ အတုံးအတစ်လိုက် မျိုဝါးကျက်မှတ်ထားရုံသာမက လူလောကနှင့် ယှဉ်ဟပ်၍ အသုံးချနိုင်သမျှ စေစားအသုံးချရပေမည်။ ထိုအခါ ပညာမှ စွမ်းရည်များ ထုတ်လုပ်ပေးလာမည်ဖြစ်လေသည်။ ထိုစွမ်းရည်သည် ဘဝအတွက် ဣစ္ဆာသယ ဆေးလုံးပင် ဖြစ်လေတော့သည်။

ပညာဆည်းပူးခြင်းမှာ အလုပ်တစ်ခုဖြစ်၍ ဆည်းပူးထားသောပညာကို စွမ်းရည်အဖြစ် ပြောင်းလဲထုတ်လုပ်မှုမှာ အလုပ်တစ်ခု ဖြစ်လေသည်။ ဆေးမြစ်တစ်ခုကို ရရှိထားသော်လည်း ထိုဆေးမြစ်ကို ဆေးဖက်ဝင်အောင် အသုံးမချတတ်လျှင် အကျိုးမရှိပေ။

သခွားသီး၏ အရသာမှာ အရည်တရွှမ်းရွှမ်းနှင့် တကြွပ်ကြွပ်ကိုက်ဝါးစားသောက်ရာ၌သာ ပေါ်လေသည်။ သခွားသီးကို မှုန့်ညက်အောင် ကြိတ်ခြေကာ အရည်ညှစ်၍ သောက်မျိုချလျှင် အရသာပေါ်တော့မည်မဟုတ်ပေ။ ထိုနည်းတူပင်လျှင် ပညာ၏အရသာမှာ အရာအားလျော်စွာ စေစားအသုံးချနိုင်သည့် အသုံးချကွက်ပေါ်လာသော အခါ၌သာ ထင်ပေါ်လေသည်။ ပညာကို ဘွဲ့ထူးဂုဏ်ထူးအဖြစ် ဆိုင်းဘုတ်ပေါ်၌ ရေးသားထားရုံဖြင့် အရသာ မပေါ်ပေ။

ဝတ်လုံတစ်ဦးသည် ဥပဒေများကို တတွတ်တွတ် အလွတ်ရ၍ နှုတ်တက်ရွရွရွတ်ဆိုနေရသော်လည်း အရသာပေါ်မည်မဟုတ်ပေ။ ကြုံကြိုက်ရာ အမှုအခင်းတစ်ခုခု၌ တစ်ဖက်ဝတ်လုံ မချေပနိုင်လောက်သည့် အချက်ပိုင်သော စကားတစ်ခွန်းဖြင့် လှော့ကလဲအနိုင်ယူလိုက်ရခြင်းကိုသာ အရသာတွေ့ပေလိမ့်မည်။

နွယ်ချိုသည် လျက်ဆားဖြစ်လာမှ လူတိုင်း၏ပါးစပ်ဖျားသို့ ရောက်

mgyoe.com

mgyoe.com


လေသည်။ ပရဆေးဆိုင်တွင် ရှိစဉ်က သံပုံးထဲတွင်သာ ပိုးစားခံ၍ နေရလေသည်။

ဤသဘောကို တွေးဆလျှင် ပညာသည် စွမ်းအင်အဖြစ် ပြောင်းလဲလာမှ လူလောကတွင် အောင်ပန်းဆွတ်နိုင်၍ အလိုရှိရာ ဖန်တီးအစွမ်းပြနိုင်လေသည်။ ထို့ကြောင့် ပညာတတ်ရုံနှင့် တင်းတိမ်မနေဘဲ တတ်သောပညာကို စေစားအသုံးချကာ စွမ်းရည်အဖြစ် ပြောင်းလဲနိုင်အောင်လည်း ကြိုးစားရပေမည်။ စွမ်းရည်လက်နက်လည်း တပ်ဆင်ရပေမည်။

❖

mgyoe.com

mgyoe.com

## အမွေကျန်စေရမည်

ကျွန်ုပ်တို့ လောကတွင် ပညာရှိ၊ ပညာတတ်ပေါင်းများစွာ ပေါ်ထွန်း၍ အချိန်တန်သောအခါ မြောက်မြားစွာ သေကုန်ကြလေသည်။ သစ်ပင်အမျိုးမျိုးတို့ ပေါက်ပွားရှင်သန်ကာ အချိန်ကာလကြာသော် ဆွေးမြည့်ပျက်စီးကာ မြေကြီးသြဇာဖြစ်ရသည်နှင့် တူလေသည်။

သို့ရာတွင် အင်ကြင်းပင်၊ အင်ပင်အချို့ကား ကျောက်ဖြစ်၍ မဆွေးမမြည့် ကြွင်းကျန်နေခဲ့ကြလေသည်။ သစ်ပင်ပန်းပုလက်ရာအချို့လည်း ပြတိုက်များတွင် ကြွင်းကျန်နေခဲ့ကြလေသည်။ ထိုနည်းတူစွာပင် အချို့သော ပညာရှိတို့ကား သူတို့၏ ရှာကြံတီထွင်မှု၊ စူးစမ်းတွေ့ရှိမှု၊ ပြုစုထူထောင်မှုအရပ်ရပ်တို့တွင် နာမည်ကြွင်းကျန်နေခဲ့ပေသည်။

ကျန်ပညာရှိ၊ ပညာတတ်တို့ကား သမုဒ္ဒရာရေပွက်များပမာ ပွက်၍ ကွဲပြန့်ချုပ်ငြိမ်းသွားခဲ့ကြလေသည်။ အမှန်အားဖြင့် ဆိုရသော် မိမိအကျိုးငှာ အသုံးချသူများနှင့် တိုက်ရိုက်အသုံးမချဘဲ အရှိန်အဝါပြရုံမျှဖြင့်

mgyoe.com

mgyoe.com


အသုံးချသူများကား ရေပွက်ပမာ ချုပ်ငြိမ်းပျောက်ကွယ်သွားခဲ့၍ အများအကျိုးငှာ စေစားခဲ့သူများနှင့် စွမ်းအင်ထုတ်လုပ်၍ စေစားသူများကား ပညာတတ်ရကျိုး၊ သင်ရကျိုးနပ်အောင် ပိုလွန်၍ ကျေးဇူးပြုနိုင်ကြပေသည်။ ထိုကြောင့် ပညာတတ်ရုံမျှသည် တကယ်အကျိုးပြည့်ဝမှုမဟုတ်ဘဲ တတ်မြောက်သော ပညာကို စွမ်းအင်အဖြစ် အသုံးချနိုင်မှုသည်သာ လိုရင်းအကျိုးပြီးမြောက်မှုဖြစ်သည်ကို သတိပြုသင့်လေသည်။

ပညာတတ်မြောက်ခြင်းသည် ထုတ်လုပ်ခြင်းမဟုတ်ဘဲ ကုန်ထုတ်အရင်းအနှီးပိုင်ဆိုင်ခြင်းမျှသာ ဖြစ်လေသည်။ ပညာတတ်မြောက်ခြင်းသည် အကျိုးခံစားရခြင်း မဟုတ်ဘဲ အကျိုးခံစားနည်းရရှိခြင်းသာ ဖြစ်လေသည်။ ထိုကြောင့် ပညာမှဖြစ်စေ၊ ပညာထဲတွင် ထည့်သွင်းထိုက်သော ဘဝအသိ၊ ဘဝအတွေ့အကြုံမှဖြစ်စေ စွမ်းရည်များ ထုတ်လုပ်ရန်ကိုလည်း သတိပြုရပေမည်။

စွမ်းရည်ကို အသုံးချခြင်း၊ ပို၍အသုံးချခြင်း၊ မပြတ်အသုံးချခြင်း၊ ထိရောက်အောင် အသုံးချခြင်းတို့သည် လုံ့လဝီရိယ၏အလုပ်ပင် ဖြစ်လေသည်။ လုပ်မည်၊ ကိုင်မည်၊ ကြိုးစားမည်ဟူသော မဆုတ်မနစ် လှုပ်ရှားနေသည့် တက်ကြွမှုသည် ဘဝအတွက် မရှိမဖြစ်သော လက်နက်ပင် ဖြစ်လေသည်။

"တော်လောက်ပြီ၊ အိုပြီ၊ အောင်ပြီ" စသော အဆုံးပိတ်စကားများသည် တိုးတက်မှု လမ်းကြောင်းအတွက် အတားအဆီးဖြစ်လေသည်။ အောင်ပြီးလျှင် အမြဲ အောင်နေအောင် ကြိုးစားရပေဦးမည်။ အောင်သည်ထက် အောင်အောင် ထပ်မံတစ်ဆင့်ကဲရပေဦးမည်။

'အောင်ပြီ' ဟူသော စကားသည် 'တစ်ထစ်ရောက်ပြီ' ဟူသော အဓိပ္ပာယ်ထက် ပို၍ မပေါ်ထင်စေသင့်ပေ။ 'ပြီးပြီ....နောက်ထပ် ကြိုးစားဖို့ မလိုတော့ဘူး' ဟူသော အဓိပ္ပာယ်ပေါက်လာလျှင် 'အောင်ပြီ'

mgyoe.com

mgyoe.com


ဆိုသည်မှာ 'ရှုံးပြီ' ဟု ကြွေးကြော်သည်နှင့်သာ တူလေသည်။ ဘဝတွင် မသေမချင်းအောင်ရဦးမည်။ ထပ်၍ထပ်၍အောင်ရန် ရှိနေပေသေးသည်။

အိုပြီဟုဆိုသော်လည်း မသေသေးပေ။ ထိုကြောင့် သေပြီဟု မဟစ်အော်နိုင်မချင်း ကြိုးစားစရာရှိက ဆက်လက် ကြိုးစားရပေဦးမည်။ ဘဝအတွက် အားထုတ် လှုပ်ရှားမှုဟူသည် ရုပ်နှင့် နာမ် တွဲစပ်နေသမျှ ကာလပတ်လုံး မရပ်နားသင့်ပေ။ ရုပ်နှင့်နာမ်ကို တွဲစပ်ပေးထားခြင်းသည် ဓာတ်အားဖန်တီးရန် ဖိုနှင့်မ လျှပ်စစ်ကြိုးနှစ်သွယ်ကို လမ်းသွယ်ပေးထားခြင်းပင် ဖြစ်၍ ထုတ်လုပ်မှု စွမ်းအင်သည် အမြဲတစေ ကိန်းအောင်းနေပေသည်။ ထိုကြောင့် စွမ်းအင်ကိန်းအောင်းနေသည်နှင့်အမျှ လူ့လောကအတွက် ကြိုးစားစရာရှိသည်ကို ကြိုးစားရပေလိမ့်မည်။

❖

mgyoe.com

mgyoe.com

## လုံ့လဝီရိယအစွမ်း

ဤကမ္ဘာကြီးတွင် ကြီးပွားနေသူများသည် ပညာရှင်ကြီးများ ဖြစ်ချင်မှ ဖြစ်ပေမည်။ သို့ရာတွင် ထိုသူများသည် လုံ့လဝီရိယရှိသူများ၊ မပျင်းသူများ ဖြစ်သည်မှာကား သေချာပေသည်။ ကမ္ဘာပေါ်ရှိ ကြီးပွားချမ်းသာရေးဝါဒများ၊ ကြီးပွားချမ်းသာရေးစာအုပ်များတွင် လုံ့လအကြောင်း မပါလျှင် မပြည့်စုံနိုင်ပေ။ လုံ့လမထုတ်ဘဲ ထိုင်နေပါက မည်သည့်ပန်းတိုင်မျှလည်း နီးကပ်လာမည် မဟုတ်ပေ။

ယာဉ်ရထား တီထွင်သူများသည် အရှိန်ကို ထိန်းရန် ဘရိတ်များ တီထွင်တပ်ဆင်ကြရပေသည်။ သို့ရာတွင် လူ၏ ခြေ၌လည်းကောင်း၊ ဦးနှောက်၌လည်းကောင်း၊ လုံ့လဝီရိယ၌လည်းကောင်း ဘရိတ်မပါရှိပေ၊ ထိုသို့ မပါရှိခြင်းသည် သဘာဝက အမြဲတစေ လှုပ်ရှားနေစေလိုသော ကြံရွယ်ရင်းကြောင့် ဖြစ်တန်ရာသည်။ သို့ဖြစ်လျှင် ကျွန်ုပ်တို့သည် ရပ်တန့်ထားရန် စဉ်းစားဖွယ်မရှိပေ။ အမြဲတစေ ကြံဆကြိုးပမ်း၍ လှမ်း

mgyoe.com

mgyoe.com


တက်နေရပေလိမ့်မည်။

ကျောက်ဆူးကြီးသည် အမြဲတစေ ရေစီးအားကို ရုန်းဆန်၍ နေရာမရွေ့အောင် ထိန်းရပ်နေဘိသကဲ့သို့ ကျွန်ုပ်တို့သည် ဘဝမရွေ့အောင် ထိန်းရပ်ရပေမည်။ ကျောက်ဆူးကြီးတွင် အသက်မရှိဘဲ လူတွင် အသက်ရှိသည် ဖြစ်သောကြောင့် ဘဝမရွေ့ရေးအတွက်သာမက ဘဝဆန်တက်ရေးအတွက်လည်း ပို၍ ကြိုးစားရန် တာဝန်ရှိပေသည်။

လောကနီတိဆရာ၏ လက်ထက်ကလည်း လုံ့လဝီရိယမရှိသောလူပျင်းများ ရှိခဲ့ပေလိမ့်မည်။ ထိုကြောင့်သာလျှင် ပျင်းရိသူများကို သတိပေး သွန်သင်ခဲ့ပေသည်။ သို့ရာတွင် ယနေ့တိုင်အောင် လောကနီတိသည် အသုံးဝင်လျက်ရှိနေပေသည်။ အဘယ်ကြောင့်ဆိုသော် လူပျင်းများ ရှိမြဲရှိနေဆဲကြောင့် ဖြစ်လေသည်။ သို့ရာတွင် လူပျင်းများသည် ပျင်းသူ၊ လုံ့လမရှိသူဟူ၍ ပေါ်ပေါ်ထင်ထင် ဝန်ခံလေ့မရှိဘဲ အခြားသောအဆင်မပြေမှုများကိုသာ ရိုးမယ်ဖွဲ့၍ အရေခြုံနေတတ်သောကြောင့် လက်ညှိုး ထိုးပြရန် မလွယ်ကူပေ။

ယုန်နှင့်လိပ် အပြေးပြိုင်ပွဲတွင် လိပ်က အနိုင်ရသည်မှာ မလျှော့သော လုံ့လဝီရိယကြောင့်သာ ဖြစ်လေသည်။ စွမ်းအားကြောင့် မဟုတ်ပေ။ ဉာဏ်ကောင်းသောသူသည် စာကျက်ပျင်းနေမည်ဆိုက ဝီရိယကောင်းသော ဉာဏ်ထိုင်းသူက သာလွန်နိုင်ခွင့်ရှိပေသည်။ အခြားအရည်အချင်းချင်းတူလျှင် လုံ့လရှိသူက တစ်ပန်းသာပေသည်။

မီးရထားစီးရာတွင် စောစောကြိုတင်၍ လုံ့လထားကာ နေရာယူနိုင်သူက ထိုင်၍ စီးရပေလိမ့်မည်။ နောက်မှတန်းစီပြီး ရှေ့ဆုံးနေရာကိုလိုချင်၍ တရားသဖြင့် မရနိုင်ပေ။ ပညာမတတ်သူများ ငွေရင်းငွေနှီးမရှိသူများမှာ လုံ့လအကျိုးဖြင့်သာ ကြီးပွားအောင် အားဆည်းကြရလေသည်။ သူတစ်ပါး အိပ်ရာမှ မထသေးချိန်တွင် ထ၍ရောင်းသော

mgyoe.com

mgyoe.com


ပဲပြုတ်သည်က နှစ်ခေါက်ပြန်ရောင်းနိုင်၍ သူတစ်ပါးအိပ်ကုန်သည့်တိုင် အောင် ပြေးဆွဲနေသော အငှားကားသမားက နေ့တွက်ပို၍ ရပေသည်။

သူတစ်ပါး မပေါက်ရောက်သည့် နေရာသို့ ပေါက်ရောက်အောင် သာသနာပြုနိုင်သူက အောင်မြင်မှု ရရှိနိုင်လေသည်။ သူတစ်ပါးမကြံ စည်သေးသည်ကို တီထွင်နိုင်သူက သူဌေးဖြစ်မြန်လေသည်။ ဤလုပ် ရပ်တို့သည် လုံ့လဝီရိယတို့၏ အကျိုးပင် ဖြစ်လေသည်။

လုံ့လဝီရိယရှိသူသည် 'မလျှော့ဘူး၊ မရပ်ဘူး၊ မတင်းတိမ်ဘူး၊ မရ မနေဘူး' ဟူသော အစွဲသန်ရပေသည်။ ဤအစွဲ၏ နောက်တွင် အား ထုတ်မှုကလည်း ကပ်ပါရလေသည်။ မိမိ ရှေ့၌ သွားနေသော ခြေရာ ကို တွေ့နေပါလျက်နှင့်မှ မိမိက နောက်ပြန်ဆုတ်ရမည်ဆိုလျှင် ရာဇဝင် ရိုင်းပေလိမ့်မည်။ လုံ့လကို ထုတ်လုပ်သော စက်ယန္တရားတွင် လုံ့လ များ ကုန်သွားပြီဟူ၍ မရှိပေ။ အဝီစိတွင်းရေသည်သာ ကုန်ခန်းကောင်း ကုန်ခန်းပေမည်။ လုံ့လဟူသည်မှာ မကုန်မခန်း ထုတ်တိုင်းရလေသည်။ မျက်လှည့်ဆရာ၏အပ်ချည်လုံးကဲ့သို့ ဆွဲထုတ်တိုင်း မကုန်မခန်းထွက် ၍သာ နေပေမည်။ ထိုမျှထွက်နိုင်သော လုံ့လကို အဆုံးအပိုင်းအခြားမရှိ ထုတ်၍ သုံးစွဲနေရသည်မှာ ပျော်စရာပင် ဖြစ်လေသည်။

ဧဝရက်တောင်ထိပ်ကို တက်ရောက်နိုင်ခဲ့သော ဟီလာရီသည် လုံ့လ ကို မလျှော့ခဲ့သူ ဖြစ်လေသည်။ ဝင်ရိုးစွန်းကို ခြေချခဲ့သော အမန်ဆင် သည်လည်း လုံ့လကို မလျှော့ခဲ့သူ ဖြစ်လေသည်။ ကမ္ဘာ့တီထွင်သူဟူ သမျှသည်လည်း မရမနေ ကြိုးပမ်းခဲ့ကြသူများဖြစ်၍ "ငါသေလျှင် ငါ့ သားများက ဆက်၍ ကြိုးစားကြလိမ့်မည်" ဟူသော အလျှော့မပေးသူ များ ဖြစ်လေသည်။

ကျွန်ုပ်တို့၏ ဘဝတွင် စိတ်ပျက်ဖွယ်ရာများ၊ အခက်အခဲများ၊ လျှောကျမှုများ၊ ခြိမ်းခြောက်မှုများ စသည်များစွာကို တွေ့ဆိုင်ကြရမည်

mgyoe.com

mgyoe.com


ဖြစ်ရာ ဤလုံ့လဝီရိယ လက်နက်ကိုသာ မစွဲဆောင်ခဲ့လျှင် လှမ်းတက်နိုင်ရန် အလားအလာများစွာ မရှိပေ။ လုံ့လသည် လက်နက်လည်းဖြစ်၍ အားဆေးလည်း ဖြစ်လေသည်။

ချောတိုင်တက်သူ၌လည်း လုံ့လလိုလေသည်။ ဇွဲလိုလေသည်။ စင်စစ်အားဖြင့် ဇွဲဆိုသည်မှာ အားထုတ်မှုကို ဆင့်ကာဆင့်ကာ ထပ်လောင်းထားခြင်းပင် ဖြစ်လေသည်။ လိုက်စားမှုတစ်ခုကို ထပ်ကာထပ်ကာ ဆင့်သောအခါ အလေ့အကျင့်ဖြစ်လာသည့်နည်းပင် ဖြစ်လေသည်။ လူ့လောကတွင် ကြီးပွားမှု သို့မဟုတ် အနိမ့်ဆုံး ရှင်ကျန်မှုကို လိုလားသူသည်လည်း လုံ့လနှင့် ကင်း၍ မဖြစ်ပေ။

အလိုအလျောက် မိုးပေါ်မှ ရွာချသော ရေကိုပင် ပါးစပ်ဟ၍ ခံရသည့် အားထုတ်မှုမပါပါက သောက်သုံး၍ရမည်မဟုတ်ပေ။ ထိုသို့မလွှဲသာ၍ လှုပ်ရှားရခြင်းထက် တစ်ဆင့်တက်၍ အားထုတ်နိုင်သလောက် ကြိုးစားအားထုတ်၍ လာသောအခါတွင် သာမန်အသက်ရှင်မှု အဆင့်ထက် ပိုလွန်၍ ကြီးပွားတိုးတက်မှု ဟူသော အဆင့်သို့ ရောက်ရလေသည်။

ထို့ကြောင့် လုံ့လဝီရိယကိုလည်း ဘ၀တိုက်ပွဲအတွက် လက်နက်တစ်ရပ်အဖြစ် တပ်ဆင်ထားရပေမည်။

ကျန် လက်နက်တစ်ပါးကား ယုံကြည်မှုပင် ဖြစ်လေသည်။ အဓိဋ္ဌာန်ဆိုသည်မှာ ယုံကြည်ချက်ကို သိပ်သည်း ကျစ်လျစ်အောင် လုံးကျစ်၍ ဦးနှောက်သွေးကြောထဲသို့ မြဲမြံစွာ သွတ်သွင်းထားခြင်းပင် ဖြစ်လေသည်။ ယုံကြည်ချက်ကို အခြေတည်၍ အဓိဋ္ဌာန်ကို ဆောက်ထုရလေသည်။

မိမိပြုလုပ်သမျှကိုလည်းကောင်း၊ မိမိကိုယ်ကိုလည်းကောင်း ဘာမျှယုံကြည်မှုမရှိလျှင် မိမိသည် ဘာမျှလုပ်ကိုင်၍ ရတော့မည် မဟုတ်ပေ။

mgyoe.com

mgyoe.com


မိမိအား အခြားသူများက ယုံကြည်ချင်မှ ယုံကြည်ပေလိမ့်မည်။ သို့ရာတွင် အခြားသူများ မယုံကြည်သည်မှာ အရေးမကြီးဘဲ မိမိကိုယ်ကို မိမိမယုံကြည်သည်ကသာ ပို၍အရေးကြီးလေသည်။

"ငါလုပ်လို့ ဖြစ်မှဖြစ်ပါ့မလား"

"ငါပြောတာ သူတို့ယုံမှယုံပါ့မလား"

"ငါ့တစ်သက်ကြီးပွားဦးမှာလား"

ဤသို့သော သံသယစိတ်များ ဝင်လာမည်ဆိုလျှင် ကြီးပွားလမ်းတွင် မုန်တိုင်းဆင်လေတော့မည်။ မိမိကိုယ်ကိုမှ မယုံသူအား မည်သူကမျှလည်း ယုံကြည်မည်မဟုတ်။ မိမိကိုယ်ကို မယုံကြည်ဘဲနှင့် မည်သည်ကိုမျှလည်း မျှော်မှန်းရန် မလိုပေ။

"ငါနေကောင်းမှ ကောင်းပါရဲ့လား"

ဤသို့ သံသယရှိနေသူသည် နေမကောင်းသူပင် ဖြစ်လေသည်။ သူသည် လူနေကောင်းစေကာမူ စိတ်နေကောင်းလိမ့်မည်မဟုတ်ပေ။ စိတ်နေမကောင်းသူ၏ ခန္ဓာကိုယ်သည်လည်း နေမကောင်းရှိရန်သာ အလားအလာဖြစ်လေသည်။

ယုံကြည်မှုရှိသောအလုပ်သည် ထက်ဝက်မျှ ခရီးပေါက်ပြီး ဖြစ်ပေလိမ့်မည်။ ယုံကြည်မှုသည် အားအင်ကို ဖွံ့ဖြိုးစေ၍ လုံ့လကို ထက်မြက်စေနိုင်စွမ်းရှိလေသည်။ ယုံကြည်ချက်ရှိမှသာ အားတက်မှုလည်း ရှိမည်။ အားတက်မှသာ အောင်မြင်မှုပန်းတိုင်နှင့် နီးကပ်လိမ့်မည်။

"ငါ ကြီးပွားရမယ်၊ ငါ တိုးတက်ရမယ်၊ ငါ အောင်မြင်ရမယ်၊ ငါ ရည်မှန်းချက်ပန်းတိုင် ရောက်ရမယ်" စသည့် ယုံကြည်ချက်များသည် အားဆေးပင် ဖြစ်လေသည်။

မမျှော်လင့်ဘဲ လျှောကျမှုများ၊ အဆင်မပြေမှုများ၊ အဖုအထစ်များ ကြုံကြိုက် ဆုံတွေ့စေကာမူ ထိုယုံကြည်ချက်သည် မောပန်းသူအတွက်

mgyoe.com

mgyoe.com


ဖန်ပြာခွက်နှင့် ကျောက်စက်ရေအလား နှစ်သိမ့်မှုရစေနိုင်လေသည်။

မိမိယုံကြည်သကဲ့သို့ ပတ်ဝန်းကျင်က ယုံကြည်ကောင်းမှ ယုံကြည်လေမည်။ သို့ရာတွင် မိမိအလုပ်ကို မိမိသာလုပ်ကိုင်ရမည်ဖြစ်ရာ မိမိယုံကြည်မှု ခိုင်မြဲရေးသာ အရေးကြီးလေသည်။ ပတ်ဝန်းကျင်ကို သိမ်းသွင်းရန် လိုအပ်ခဲ့လျှင် ပတ်ဝန်းကျင်ကို ယုံကြည်လာအောင် ကြိုးစားရပေမည်။

ခွေးကို လူစကားနားလည်အောင် သင်ပေးမည်ကြံလျှင် ခွေးသည် လူနှင့်အတူတူပင် ဖြစ်သည်ဟူ၍ မယုံကြည်စရာကိုပင် ခေတ္တဖြစ်စေ၊ အတင်းယုံ၍ထားက ပို၍ထိရောက်အောင်မြင်နိုင်သည်ဟူ၍ ပညာရှိတစ်ဦးက ပြောဆိုဖူးလေသည်။ မိမိအောင်မြင်ရမည်ကို အဘယ်ကြောင့် အတင်းပင်ဖြစ်စေ ယုံမှတ်ထား၍ မဖြစ်ဘဲရှိပါမည်နည်း။

ယုံကြည်မှုဟူသည်မှာ စိတ်ချမ်းသာရုံမျှ ဖြေသိမ့်သော စကားမျိုးကား မဖြစ်သင့်ပေ။ "မဓောပါဘူး၊ ဟောဟဲ....ဟောဟဲ...." ဆိုသကဲ့သို့ "ယုံပါသည်၊ ဟုတ်မှဟုတ်ပါလေလား" ဟူသော မယုံတစ်ဝက် ယုံတစ်ဝက်မျိုးကား အကျိုးမရှိနိုင်။

"ငါသည် ဤပန်းတိုင်ကို မှန်းထားသည်၊ ငါ မှန်းထားသည်မှာ စိတ်ကူးယဉ်မဟုတ်၊ ငါ့အစွမ်းကို တွက်ချက်ပြီးမှ ဤနှစ် ဤကာလတွင် ဤအောင်မြင်မှုမျိုးကို ဆိုက်ရောက်ရမည်ဟု တွက်ဆချမှတ်ခဲ့ခြင်း ဖြစ်သည်။ ငါချမှတ်ခဲ့သည့်အတိုင်း ငါ့အစွမ်းကို ငါဖြည့်သည်၊ တကယ် အောင်မြင်အောင်လည်း ငါအားထုတ်မည်၊ သို့ဖြစ်ရာ ငါ့ရည်မှန်းချက်သည် ဒဏ္ဍာရီပုံပြင်မဟုတ်၊ လက်တွေ့မှုချ ဆုပ်ကိုင်နိုင်ရမည့် ပန်းတိုင်သာ ဖြစ်သည်။ ငါယခု ရှေ့သို့ လှမ်းတက်နေသည်။ ယခုပို၍ ရှေ့သို့ တိုးရွှေ့လာပြီ၊ ငါသည် ပန်းတိုင်နှင့် နီးလာပြီ၊ ငါအဘယ်ကြောင့် မအောင်မြင်ဘဲ ရှိရမည်နည်း။ တကယ်ကြိုးစားသော ငါမှမအောင်လျှင် အဘယ်

mgyoe.com

mgyoe.com


သူ အောင်မည်နည်း”

ဤသို့သော မိမိရရ ယုံကြည်ချက်ရှိရပေမည်။ ယုံကြည်မှုဟူသည်မှာ အချက်အလက် အတိုင်းအဆကို အခြေခံမြဲဖြစ်လေသည်။ တစ်ပေပတ်လည်တွင် လူတစ်ယောက်ကျ လူချင်းထပ်၍ ရပ်ပါမှ တစ်မိုင်ပတ်လည်တွင် လူ ၂၆ သန်းကျော် ရပ်နိုင်မည်ဖြစ်ရာ မဏ္ဍပ်တစ်ခုအတွင်းရှိပရိသတ်ကို လူတစ်သန်းခန့်မှန်း၍ ယုံကြည်မည်မဟုတ်။

ဘကြီးနေသော အိမ်ကမှ ၁၂ ပေမြင့်သည်ကို ဘကြီး၏ နွားကပေ ၂၀ မြင့်သည်ဆို၍လည်း ယုံကြည်မည်မဟုတ်။ သို့ရာတွင် အကျိုးအကြောင်းနှင့် တွက်ဆယုံကြည်ထားသော ယုံကြည်ချက်သည်ကား လှုပ်ခြောက်၍ မရအောင် ခိုင်မြဲလေသည်။ နိုင်ငံရေးယုံကြည်ချက်၊ ဘာသာရေးယုံကြည်ချက်တို့သည် ခိုင်မြဲတတ်လေသည်။

အခိုင်မာဆုံးသော ယုံကြည်ချက်သည်ကား သိပ္ပံနည်းကျသော ယုံကြည်ချက်သာ ဖြစ်လေသည်။

သိပ္ပံနည်းကျ ယုံကြည်ချက်တွင် ထပ်ဆင့်၍မှားကြောင်း မဖော်ထုတ်နိုင်သေးသမျှ ကာလပတ်လုံးမှန်သည်ဟု ယူဆနေရသော ယုံကြည်ချက်များလည်း ရှိလေသည်။ သို့ရာတွင် ဘ၀ယုံကြည်ချက်ကား ထိုသို့မဟုတ်။

မိမိမှန်းထားချက်ကို မိမိသိသည်။ မိမိလိုလားချက်မှာ သူတစ်ပါးမတိုက်တွန်းရသော လိုလားချက်ဖြစ်သည်။ အကျိုးမှာ မိမိအကျိုးဖြစ်သည်။ မိမိလိုလားချက်ကို ဘယ်သူမျှ မလုပ်၍လည်း အရေးမကြီး၊ မိမိမူကား မရမချင်း၊ မသေမချင်း လုပ်မည်။ မိမိ၌ ရည်မှန်းချက်လိုအင်ပြည့်အောင် လုပ်နိုင်သော စွမ်းပကားရှိနေသည်။ ရှိအောင် လုပ်နေသည်ကိုလည်း မိမိသိသည်။ သို့ပါလျက် မိမိလုပ်ဆောင်မှုသည် အောင်မြင်မှုရမရကို သံသယဖြစ်နေဦးမည်ဆိုက မိမိ၏ ပျော့ညံ့မှုသာလျှင် ဖြစ်ပေ

mgyoe.com

mgyoe.com



လိမ့်မည်။

သွားလျှင် ရွေ့ရမည်။ (ရောက်ချင်မှ ရောက်မည် ထားဘိဦး)

အကြောင်းရှိလျှင် အကျိုးပေါ်ထွက်ရမည်။

(အကောင်းအဆိုး၊ အနည်းအများထားဘိဦး)

ပန်းတိုင်ရောက်သူများ ရှိခဲ့သည်။ ယခင်ကရှိလျှင် နောက်လည်းရှိရမည်။ (မည်မျှရှိမည်ထားဘိဦး)

ဤမျှ သေချာနေခဲ့လျှင် မိမိ၏ အောင်မြင်မှုအတွက် သံသယဖြစ်စရာ၊ ယုံကြည်မှု ပျက်ပြားစရာ၊ မလိုတော့ပေ။ သဘောတရားအနေဖြင့် မမှားမလွဲဘဲ မှန်ကန်ဖြောင့်တန်းနေပြီဖြစ်၍ မယုံကြည်နိုင်စရာမရှိပေ။

ယုံကြည်ရမည်မှာ မိမိတာဝန်သာ ဖြစ်လေသည်။ ယုံကြည်သကဲ့သို့ မဖြစ်လာနိုင်သည့် လွဲချော်မှုမှာ မမျှော်လင့်သည့် အခြေအနေကြောင့်သာ ဖြစ်ကောင်းဖြစ်စရာ ရှိပေမည်။ ထိုမမျှော်လင့်သော အခြေအနေကိုကား လုံးဝ မမျှော်လင့်ဘဲသာ ထားရပေမည်။ မိမိ၏ ကြိုးပမ်းမှုမလျော့သမျှ၊ ဦးတည်မှု မလွဲသမျှ "ဟယ်....ပန်းတိုင်၊ နင်ဘယ်ကို ပြေးမည်လဲ..." ဟူ၍ ကြုံးဝါးနိုင်ဖွယ်ရာ တစ်လမ်းတည်းသာ ရှိလေသည်။

ထိုကြောင့် ဘဝ၏ ရည်မှန်းချက်တွင် မိမိကိုယ်တိုင် ခိုင်မာသော အားတက်ဖွယ် ယုံကြည်မှုလက်နက်ကိုလည်း အပြည့်အဝ တပ်ဆင်ထားရမည်သာ ဖြစ်လေသည်။

❖

mgyoe.com

mgyoe.com

## ကျရှုံးမှုသည် အဆန်းမဟုတ်

သမုဒ္ဒရာ ဟူသည်မှာ ရေပေါက်ရေစက်ပေါင်းများစွာကို ပေါင်းဖွဲ့ထားခြင်း ဖြစ်လေသည်။ ထိုနည်းတူစွာပင် ဘဝ၏ အောင်မြင်မှုဟူသည်မှာ အောင်မြင်မှုကလေးပေါင်း များစွာကို ပေါင်းစပ်ထားခြင်း ဖြစ်လေသည်။ နေ့တိုင်း ရရှိသော အောင်မြင်မှုများ၊ အရေးအရာတစ်ခုစီ၌ ရရှိသော အောင်မြင်မှုများ၊ အခါအခွင့်အလိုက် ရရှိသော အောင်မြင်မှုများ၊ အားလုံးကို စုပေါင်းလိုက်သည် ရှိသော် ဘဝ၏ အောင်မြင်ချက်ဟူ၍ အကောင်အထည်ပေါ်လာရလေသည်။

ဘဝ၏ တစ်ချိန်တစ်ခါ၌ ရည်ရွယ်မှန်းထားချက်ကို အောင်မြင်ရန်အတွက် ထိုအချိန်မတိုင်မီက အောင်မြင်ချက်ပေါင်းများစွာ ရရှိရန် လိုလေသည်။ ကျွန်ုပ်တို့သည် နေ့စဉ်နှင့် အမျှ ရင်ဆိုင်နေရသော ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ စိတ်ဓာတ်အောင်နိုင်ရေး စသည်တို့၌ စ၍ ထွက်ကတည်းကပင် တစ်အောင်တည်း အောင်

mgyoe.com

mgyoe.com


မြင်၍ နေလိမ့်မည်မဟုတ်။ ရှုံးနိမ့်ရသော အခါများလည်း ရှိပေမည်။

ဘောလုံးကစားကြရာ၌ မိမိဘက်မှ ဂိုးသွင်းနိုင်သော အလှည့်ရှိသကဲ့သို့ မိမိဘက်ကို ဂိုးသွင်းသွားသော အလှည့်လည်း ရှိရပေမည်။ သို့ရာတွင် မိမိရှုံးသော ဂိုးအရေအတွက်ထက် မိမိနိုင်သော ဂိုးအရေအတွက်က သာလွန်ပါက မိမိဘက်မှ အနိုင်ရသည်ဟုပင် ဆိုရလေသည်။

ထိုနည်းတူစွာပင် နေ့စဉ်နှင့်အမျှ ရှန်းကန်နေရသော ဘဝတိုက်ပွဲများတွင် အရှုံးရှိစေကာမူ စုစုပေါင်းအားဖြင့် အရှုံးကနည်း၍ အောင်မြင်မှုက ပိုလွန်များပြားပါမှ နောက်ဆုံး၌ အောင်ပွဲရပေမည်။ အကယ်၍ အရှုံးများနေလျှင်ကား အောင်ပွဲဆင်နိုင်လိမ့်မည် မဟုတ်။

ငါးပြား၊ ၁၀ ပြား စသော ပြားကို ချွေတာမှ တစ်ကျပ်၊ နှစ်ကျပ် စသော ကျပ်ကို ချွေတာနိုင်ပေလိမ့်မည်။ ထိုနည်းတူပင် အရေးကိစ္စကလေးများတွင် အနိုင်ယူနိုင်ပါမှ အရေးကိစ္စကြီးများတွင် အနိုင်ရရှိပေလိမ့်မည်။ ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း အရေးအရာများတွင် အမြဲတစေ အောင်မြင်မှုရအောင် ကြိုးစားရမည် မှန်သော်လည်း အမြဲတစေ အောင်မြင်မှုရနိုင်မည်ဟူ၍ကား မမျှော်လင့်နိုင်။ မျှော်လင့်နိုင်သည်မှာ စုစုပေါင်းရှင်းတမ်း၌ အောင်မြင်မှုအရေအတွက် များ၍ ဆုံးရှုံးမှု အရေအတွက် နည်းရန်ပင် ဖြစ်လေသည်။

ထိုမှတစ်ပါး ဆုံးရှုံးမှုကလေးများ တွေ့ရသောအခါ စိတ်မပျက်ရန်ပင် ဖြစ်လေသည်။ ဆုံးရှုံးမှုဟူသည်မှာ မလိုလားအပ်သော အရာပင် ဖြစ်စေကာမူ ဆုံးရှုံးမှုကလေး တစ်ခုစီသည် မျှော်မှန်းချက်ကြီး တစ်ခုလုံးအတွက် ဆုံးရှုံးရမည်ဟူသော အဆုံးအဖြတ်ကို ပေးနိုင်သည်မဟုတ်။ စစ်ပွဲကလေးတစ်ပွဲ ရှုံးသောကြောင့် စစ်ရေးတစ်ခုလုံး ရှုံးချင်မှ ရှုံးလိမ့်မည်။ သို့ရာတွင် စစ်ရေး၏ အဆုံးအဖြတ်ဖြစ်မည့် စစ်ပွဲမျိုးကိုကား မရှုံး

mgyoe.com

mgyoe.com


ရအောင် ကြိုတင်ပြင်ဆင်ရပေလိမ့်မည်။

ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည့် စစ်မျက်နှာများတွင် လုံးပန်း တိုက်ခိုက်နေကြရလေသည်။ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ပါမှ ရည်မှန်းချက်ကြီးတစ်ခုလုံး ရရှိပိုင်ဆိုင်မည်ကို သိထားကြလေသည်။

ထိုသို့ ကြိုးပမ်းရာတွင် တတ်နိုင်သမျှ အောင်မြင်မှုရှိအောင် ကြိုးစားရပေမည်။ မိမိသင်ကြားနေသော ပညာကို တကယ်တတ်မြောက်အောင် လုံ့လထုတ်ရပေလိမ့်မည်။ ရင်ဆိုင်ရမည့် စာမေးပွဲကို အောင်မြင်အောင် ကြိုးစားရပေမည်။ မိမိ ထုတ်လုပ်သော ကုန်ပစ္စည်းကို ရည်မှန်းချက် ကိုက်ညီအောင် ထုတ်လုပ်နိုင်ရန် ကြိုးစားရပေမည်။

မိမိရှာဖွေသော ဝင်ငွေကို မှန်းထားသလောက် အဖတ်တင်ကျန်အောင် ကြပ်မတ်ရပေမည်။ ဘဝတွင် လိုလားချက် ပြည့်ဝသော အခြေသို့ ရောက်အောင် စုဆောင်းသင့်သော ငွေကြေး၊ ပစ္စည်း၊ ပညာ၊ လက်နက်၊ ကိရိယာ တန်ဆာပလာ၊ အရင်းအနှီး၊ အကိုးအကား၊ နေရာအဆောက်အအုံ စသည်တို့ကိုလည်း စုဆောင်းသွားရပေမည်။ ဤလုပ်ငန်းများကို နေ့စဉ်နှင့်အမျှ မျက်ခြည်မပြတ်ဘဲ ဆောင်ရွက်ရမည်ဖြစ်လေသည်။

ဘဝရပ်တည်မှုနှင့်တိုးတက်မှု နှစ်ရပ်လုံးအတွက် ကြိုးစားသမျှတွင် ဆုံးရှုံးအရေးနိမ့်ခြင်းမရှိအောင်မူကား ကြိုတင်ပြင်ဆင်ကြိုးစားရပေမည်။ စာမေးပွဲ ရှုံးလျှင်သော်လည်းကောင်း၊ လုပ်ငန်းတစ်ခုလုံး ဆုံးရှုံးလျှင်သော်လည်းကောင်း ဆုံးရှုံးမှုများကို ရင်ဆိုင်ရမည်သာ ဖြစ်လေသည်။

ဆုံးရှုံးသမျှသည် ပန်းတိုင်ခရီးအတွက် တစ်ထစ်ဖြစ်စေ၊ တစ်လှမ်းဖြစ်စေ၊ နှောင့်နှေးကြန့်ကြာစေမည်သာ ဖြစ်လေသည်။ တတ်နိုင်သမျှ အရေးနိမ့်ခြင်း မရှိလျှင်မူကား အကောင်းဆုံးပင် ဖြစ်ပေလိမ့်မည်။

mgyoe.com

mgyoe.com


မိမိကြိုးပမ်းနေသော ခရီးလမ်းတွင် အရှုံးအကျ ရှိရမည်မှာ မျှော်လင့်ထားချက်ပင် ဖြစ်ရမည်။ သို့ရာတွင် ဘဝ၌ အောင်မြင်မှုကို လိုလားသူအတွက် အဆုံးအရှုံးဟူသည့် အတားအဆီး မဖြစ်စေရပေ။ တစ်ကြိမ်ရှုံးသောကြောင့် နောက်တစ်ကြိမ် ရှုံးရမည်မဟုတ်။ တစ်ကြိမ် ရှုံးခဲ့သည့် သင်ခန်းစာ အတွေ့အကြုံတို့ကြောင့် နောက်တစ်ကြိမ်တွင် အောင်မြင်မှုနှင့် ပို၍နီးစပ်မည်သာ ဖြစ်လေသည်။

အလေးမသူသည် တစ်ကြိမ် အလေးပြန်ကျသည့်အတွက် မ မနိုင်တော့ပြီဟူ၍ အရှုံးမပေးရချေ။ သုံးကြိမ်အထိ အားသစ်သွင်း၍ ပြန်လည်ကြိုးစားစမ်းသပ်ခွင့် ရလေသည်။ ရသည့်အတိုင်းပင် တစ်ကြိမ်မရသော်လည်း နောက် အကြိမ်များ၌ အောင်မြင်စွာ မနိုင်သည်ကို တွေ့ရှိနိုင်လေသည်။

ချောတိုင်တက်သူသည်လည်း တစ်ကြိမ်နှစ်ကြိမ်လျှောကျသည်နှင့် တက်၍ မရနိုင်တော့ဟု ဆုံးဖြတ်၍ မရပေ။

လက်ဝှေ့ထိုးပွဲများ၌ အချီများစွာ ထိုးသတ်ကြရလေသည်။ ဤသို့အားဖြင့် တစ်ကြိမ်၌ အရေးနိမ့်သည့်ကိစ္စကို နောက်တစ်ကြိမ်ထပ်မံ ကြိုးစားရန် အမြဲအသင့်ဖြစ်ရပေမည်။

ရေစီးသန်သော ချောင်းတစ်ခုကို စစ်သည်တော်များ ဖြတ်ကူးကြရန်ရှိလေသည်။ တပ်သားတစ်ဦးသည် အရဲစွန့်၍ ရေစီးကိုဖြတ်၍ ကူးလိုက်ရာ ရေစုန်သို့ မျောပါသွား၍ ကမ်းပေါ်မှ ပြန်တက်လျှောက်လာရလေသည်။

ဤသို့ တစ်ယောက်ကူးမရသည်ကို နောက်တစ်ယောက်ဆင်း၍ ကူးပြန်လျှင်လည်း ဤအတိုင်းသာ ဖြစ်ပေမည်။ ကူးပြီးသော စစ်သားက နောက်တစ်ကြိမ်ဆင်း၍ ကူးပြန်လျှင် ခြေကုန်လက်ပန်းကျ၍ ပို၍သာ အရေးမလှဖြစ်ပေမည်။ တစ်ကြိမ်ပျက်၍ နောက်တစ်ကြိမ်လည်း

mgyoe.com

mgyoe.com


အလားတူ ပျက်မည်မှာ သေချာ၍ နေပေသည်။

ထိုအခါမျိုးတွင်ကား ရှေးနည်းတူ လူစေ့အောင် ကူးနေ၍ အကျိုး ရှိနိုင်မည်မဟုတ်။ ထပ်တူထပ်မျှနည်းဖြင့် အကျိုးမရှိနိုင်သည်ကို သိပြီး ဖြစ်သဖြင့် ထိုနည်းကို ထပ်၍ လိုက်ရန် သင့်မည်ကား မဟုတ်ပေ။

သို့ရာတွင် ချောင်းကိုမကူးတော့ဘဲ အကြံလျှော့လိုက်ရမည်လည်း မဟုတ်။ တစ်နည်းကို သုံး၍မရသော် အခြားတစ်နည်းကို ရှာကြံရပေ လိမ့်မည်။

တပ်သားတစ်ဦးသည် ရှည်လျားသော ကြိုးကို ခါး၌ ချည်၍ အထက်အညာဆီမှ တတ်နိုင်သမျှ ကူးယက်ရင်း ရေစုန်မျော၍ လိုက်ခဲ့ ရာ အတော်မျောလာသောအခါ အောက်ပိုင်းတစ်နေရာ၌ တစ်ဖက်ကမ်း ကို ကပ်မိလေသည်။ သူသည် တိုက်ရိုက်ဖြတ်ကူး၍ မရကြောင်း ယခင် လူများ၏ အတွေ့အကြုံအရ သိပြီးဖြစ်သောကြောင့် ရေစုန်မျောလိုက်၍ ကူးယူလေသည်။ တစ်ဖက်ကမ်းသို့ ရောက်သောအခါ သစ်ပင်တစ်ပင် ၌ ကြိုးစကို ချည်၍ ကျန်လူများအတွက် ကြိုးကိုဆွဲ၍ ကူးနိုင်အောင် စီစဉ်ပေးနိုင်ခဲ့လေသည်။

သူသည် အရှုံးနည်းကို ထပ်တူလိုက်သည်ကား မဟုတ်ပေ။ အရှုံး ကို လက်မှိုင်ချ၍ ရပ်နေသည်လည်း မဟုတ်ပေ။ တတ်နိုင်သမျှ အရှုံး ပေါ်တွင် အကြံထုတ်၍ ထပ်ဆင့်ကြံစည်ကြိုးပမ်းလေသည်။ ထိုကြောင့် အခက်အခဲကို နောက်ဆုံး အနိုင်ယူနိုင်ခဲ့လေသည်။

လူတစ်ယောက်သည် ကြီးမားသော ကျောက်တုံးတစ်ခုကို တူဖြင့် ထုခွဲလေသည်။ ကျောက်တုံးသည် မဖြုံသကဲ့သို့ပင် ရှိလေသည်။

"ဒီကျောက်တုံးကို ဒီလိုထုလို့ကွဲပါ့မလား" ဟု သံသယဖြစ်မိသည်။ သို့ရာတွင် သူသည် အလျှော့မပေးဘဲ ထပ်၍ထုပြန်သည်။ ကျောက်တုံး သည် တည်ငြိမ်စွာပင် ပကတိအတိုင်းနေလေသည်။ "ဒီအတိုင်း ထုနေ

mgyoe.com

mgyoe.com


လို့တော့ ကွဲချင်မှ ကွဲတော့မှာထင်ပါရဲ့"သူ့အတွက် စိတ်ပျက်မည်ဆို က စိတ်ပျက်စရာပင် ဖြစ်လာလေသည်။ သို့ရာတွင် အားလျှော့သည့် သူမျိုးမဟုတ်ချေ။ ထို့ကြောင့် ထိုကျောက်တုံးကို တတ်နိုင်သမျှ ပိုမို အားစိုက်၍ ထပ်ကာထပ်ကာ ထုလေသည်။

"ကျောက်တုံးကပဲ ခံနိုင်မလား၊ ငါကပဲ ထုနိုင်မလား"

ထိုသူသည် အားမလျှော့ဘဲ ထပ်ကာထပ်ကာ ထုလေသည်။ သူ၏ ခွန်အားသည် တစ်ချက်ထက်တစ်ချက် တိုးဟန်ပြသော်လည်း လက်အန် သေလာ၍ အားလျော့၍ လျော့၍ လာလေ၏။

သို့ရာတွင် ဇွဲကမူ မလျှော့ချေ။ နောက်ဆုံး တစ်ချက်ထုလိုက်သော အခါ ကျောက်တုံးကြီးသည် ကွဲအက်၍ သွားလေတော့သည်။

ထိုသူသည် တစ်ကြိမ်ထု၍ အကြောင်းမထူးပါဘဲလျက် အားကုန်ခံ ၍ အဘယ်ကြောင့် ထိုနည်းနှင်နှင်ပင် ထပ်၍ထုနေပြန်သနည်း။ သူသည် ကျောက်တုံးကို ထုနက်ရာ၌ အင်အားလည်း တိုး၍မလာ၊ နည်း ပရိယာယ်လည်း ထူးခြားသစ်လွင်၍ မလာစေကာမူ တစ်ချက်စီထုသော ဒဏ်ကို ကျောက်တုံးသည် ဆင့်ကာ ဆင့်ကာ ခံထားရ၍ နာချက် ပိုမို များပြားလာသည့်နောက်တွင် မုချကွဲအက်ရမည်ကို သူတွက်ဆထားပြီး ဖြစ်လေသည်။ ထို့ကြောင့် တစ်ကြိမ်အရေးနိမ့်ရုံနှင့် အပြီးသတ်အလျှော့ ပေးရန် မလိုသော အခါ အခွင့်များလည်း ရှိလေသည်။

သင်သည် တစ်ကြိမ်လျှော့ကျလျှင် နှစ်ကြိမ်ထပ်၍တက်ရပေမည်။

ရေကူးသင်သောသူသည် သုံးကြိမ်ရေနစ်ဖူးမှ ရေကူးတတ်သည်ဟု ဆိုကြလေသည်။ စင်စစ်အားဖြင့် ရေတစ်ကြိမ်မျှ မနစ်ဖူးဘဲနှင့်လည်း ရေကူးတတ်နိုင်ပေသည်။ ရေသုံးလေးကြိမ် နစ်ပြီး၍လည်း ရေကူးတတ် ချင်မှ တတ်ပေမည်။

သို့ရာတွင် ရေကူးသင်လျှင် ရေနစ်တတ်သည်။ ရေနစ်ရုံနှင့် ကြောက်

mgyoe.com

mgyoe.com


လန့်ပြီး ရေကူးသင် မရပ်တန့်လိုက်ရန် သတိပေးညွှန်ကြားခြင်းပင် ဖြစ်လေသည်။

ရေတစ်ကြိမ်နှစ်သည်ကိုသာ ကြောက်လန့်၍ နောက်တွန့်နေခဲ့လျှင်ကား မည်သည့်နည်းနှင့်မျှ ရေကူးမတတ်နိုင်သည်မှာကား သေချာလေသည်။ တစ်ကြိမ် နှစ်ကြိမ် အရေးနိမ့်ခြင်းသည် ထူးဆန်းသော အရာမဟုတ်။

လူငယ်တစ်ယောက်သည် ချစ်ကြိုက်နေသော မိန်းကလေးအား စာပေးလေသည်။ မိန်းကလေးသည် ထိုသူငယ်အား ချစ်ကြိုက်ရင်းရှိသော်လည်း အညှာလွယ်သည့် အဖြစ်မျိုးမဖြစ်စေသဖြင့် စာမပြန်ဘဲနေလေသည်။ လူငယ်ပျိုအဖို့မူကား မိမိအား မနှစ်သက်၍သာ စာမပြန်ဘဲ နေလေသည်ဟု ယူဆ၍ နောက်ထပ်စာပေးရန် မကြိုးစားတော့ဘဲ နောက်ဆုတ်၍ သွားသဖြင့် ရမည့်ဆဲဆဲ ချစ်သူနှင့် လွဲရလေသည်။ မိန်းကလေးကလည်း တကယ် စွဲစွဲလမ်းလမ်း မချစ်၍သာ တိုး၍မကြဲခြင်းဖြစ်သည်ဟု အထင်လွဲကာ ထိုသူငယ်ကို လျစ်လျူရှုလိုက်လေသည်။

တစ်ကြိမ် မအောင်မြင်လျှင် နှစ်ကြိမ် ကြိုးစားရပေမည်။ အထက်တန်းတွင် သုံး၊ လေးကြိမ်ကျခဲ့ဖူးသော ကျောင်းသားသည်ပင် တက္ကသိုလ်ဘွဲ့ရရှိပြီး ဖြစ်သည်မှာ သာဓကမရှားပေ။ တစ်ကြိမ်ကျရုံနှင့် စိတ်ပျက်လက်ပျက် အားပျော့နောက်ဆုတ်မည်ဆိုက ပျော့ညံ့ရာ ကျပေလိမ့်မည်။

တစ်ကြိမ် နှစ်ကြိမ်မျှသော အရှုံးသည် အရှုံးစစ်စစ် မဟုတ်။

❖

mgyoe.com

mgyoe.com

## နောက်တစ်ကြိမ်အတွက် ပြင်ဆင်ပါ

တစ်ကြိမ်အရေးနိမ့်သောအခါ နောက်တစ်ကြိမ်အတွက် ပြင်ဆင်ရမည်။ ပထမအရေးနိမ့်ခဲ့သည်မှာ အဘယ်ကြောင့်နည်း။ အဘယ်အမှားရှိသနည်း။ အဘယ်ချွတ်ယွင်းချက် ရှိသနည်း။ အဘယ်အားနည်းချက်ရှိသနည်းဟူ၍ ပြန်လှန်စိစစ်ရမည်။ တစ်ယောက်ဆင်းသွား၍ ပြန်လမ်းမရှိခဲ့သော ဓာတ်ငွေ့တွင်းထဲသို့ အဘယ်သူသည် ထပ်မံ၍ ဆင်းလိုက်ပါမည်နည်း။ အောင်မြင်ရန် လုံးဝမရှိတော့လျှင်မူကား ထပ်မံ၍ မကြိုးစားခြင်းက အဆုံးအရှုံးသက်သာစေမည် ဖြစ်လေသည်။

သို့ရာတွင် မိမိကြိုးပမ်းချက်မှာ နည်းလမ်းကုန် မဟုတ်သေးပါမူကား ထပ်မံ၍ ကြိုးစားရလိမ့်ဦးမည်။

တစ်ကြိမ်ရှုံးသော ကုန်ပစ္စည်းကို နောက်တစ်ကြိမ် မကိုင်ရဲဘဲရှိလျှင် သတ္တိကြောင်ရာကျပေမည်။ ထိုပစ္စည်းကိုပင် ရောင်းဝယ်နေသော အခြားသူများသည် အဘယ်ကြောင့် ဆက်လက်၍ ရောင်းချနေနိုင်ပါသနည်း။

mgyoe.com

mgyoe.com


ထိုသူများတွင် ရေမန်း၊ လက်ဖွဲ့၊ ဆေးဝါးများ ရှိသည်ဟု ထင်မှတ်ပါသလော။ မိမိ၏ ချွတ်ယွင်းအားနည်းချက်ကို စိစစ်၍ ဆက်လက်ကြိုးစားရလိမ့်မည်။

တစ်နေရာတွင် အောင်ပွဲ မဆင်နိုင်၍ နောက်တစ်နေရာသို့ ပြောင်းတိုင်း အောင်ပွဲဆင်နိုင်မည်ဟု မဆိုနိုင်။ ကျောင်းတစ်ကျောင်းတွင် စာမေးပွဲကျရှုံးသဖြင့် နောက်တစ်ကျောင်းပြောင်းလျှင် အောင်မြင်မည်ဟု မယုံစားသင့်။ အောင်မြင်အောင် ကြိုးစားမည်ဆိုက ထိုကျောင်းမှပင် နောက်တစ်ကြိမ်အောင်မြင်လိမ့်မည်။

ဧဝရက်တောင်ထိပ်သို့ တက်ရောက် အောင်မြင်ခဲ့သူမှာ ပထမဦးဆုံးတက်ရောက်သူများမဟုတ်။ ထိုသူများထက် စောစွာတက်ရောက်ရန် ကြိုးစားခြေချခဲ့သူများ အမြောက်အမြားရှိလေသည်။ ထိုသူများ အဆက်ဆက်တက်၍မရခဲ့သဖြင့် လူမတက်နိုင်သော တောင်ဟူ၍ပင် အမည်တွင်ခဲ့လေသည်။

အောင်မြင်သူများသည် ထိုအကြောင်းကို မကြားဖူးသည်ကားမဟုတ်။ သိခဲ့ကြားခဲ့ပြီးပင် ဖြစ်လေသည်။ သို့ရာတွင် အခြားသူများ အခြားအချိန်က မတက်ရောက်နိုင်ခဲ့ရှုံးမှုနှင့် ၎င်းတို့ပါ တက်ရောက်နိုင်မည် မဟုတ် ဟူ၍ကား လွယ်လွယ်နှင့် အရှုံးမပေးလိုပေ။ မိမိတို့ ကိုယ်တိုင်ကိုယ်ကျ ကြိုးပမ်းတက်ရောက်ခြင်း မပြုရသေးဘဲ အရှုံးမပေးလိုပေ။ အခြားသူများမတက်ရောက်နိုင်စေကာမူ မိမိတို့တက်ရောက်နိုင်မည်ဟုလည်း ယုံကြည်ထားလေသည်။ ထိုကြောင့် အလျှော့မပေးဘဲ တကယ်ထပ်မံ၍ တက်ကြည့်သောအခါ တကယ်အောင်မြင်သွားလေတော့သည်။

တစ်ကြိမ်တွင် တစ်ဦးမအောင်မြင်သည်နှင့် နောက်တစ်ဦးက ဆက်လက်ကြံစည် ကြိုးပမ်းခြင်းသာ မပြုခဲ့လျှင် သိပ္ပံပညာ၏ တိုးတက်မှု

mgyoe.com

mgyoe.com


သည် ယနေ့အခြေအနေသို့ပင် တိုးတက်လာမည်မဟုတ်။ အောင်မြင်မှုတိုင်းတွင် ရှေးဦးပျက်ပြားမှုများ ရှိတတ်သည်။ တစ်ကြိမ်ကြိုးစား၍ တစ်ကြိမ်အောင်မြင်မှုမျိုးကား ရှိပေ၏။

သို့ရာတွင် အောင်မြင်မှု၏ လမ်းစဉ်၌ တစ်ခါတည်းဖြင့် အောင်မြင်မှသာ အောင်မြင်မှုရရှိသည်ဟု စည်းကမ်းသတ်မှတ်ချက်မရှိပေ။

ကမ္ဘာပေါ်၌ လူသားတစ်ဦးတင်ခဲ့သော စံချိန်ကို အခြားလူသားတစ်ဦးကပင် ချိုးဖျက်ကျော်နင်းနိုင်ခဲ့လေသည်။ တံခွန်စိုက်ဘွဲ့ရထားသူများကိုပင် နောက်လူများက စိန်ခေါ်၍ ထိုဘွဲ့ကို လွှဲပြောင်းယူနိုင်ခဲ့လေသည်။ ဤအချက်များသည် အောင်မြင်မှုဟူသည်မှာ အချိန်မရွေးရယူနိုင်သေးကြောင်းကို ဖော်ပြနေလေသည်။

ထို့ကြောင့်လည်း ဘဝခရီး၌ အရေးနိမ့်တိုင်း အားလျော့ရပ်ဆိုင်းနေရန်မလိုဘဲ မူလက ကြိုတင်၍ အောင်မြင်စေမည့် နည်းလမ်း (ဝါ) ရှုံးနိမ့်ခြင်း လွတ်ကင်းသော နည်းလမ်းကို ရှာကြံထားပြီး အကယ်၍ ရှုံးနိမ့်ခဲ့လျှင်လည်း ထပ်ဆင့် အနိုင်ယူရန်အားခဲလျက် ကြိုးပမ်းအားထုတ်ရမည် ဖြစ်လေသည်။

အဆုံးအရှုံးများသည် အောင်မြင်မှုလမ်းခရီးအတွက် လှေကားထစ်များ ဖြစ်စေရပေလိမ့်မည်။

❖

mgyoe.com

mgyoe.com

## ဘယ်အခါမျှ စိတ်မပျက်ရ

ဘဝလမ်းခရီး၏ အရေးနိမ့်မှုများတွင် တိုးတက်မှု ဆိုင်းတွခြင်း၊ ပစ္စည်း၊ ဝတ္ထု၊ ရလဒ် လွဲချော်ခြင်း၊ အခွင့်အရေးဆုံးရှုံးခြင်းအပြင် စိတ်ငယ်အားလျော့ရခြင်းလည်း ပါဝင်လေသည်။ စိတ်ပျက်ခြင်းသည် ပစ္စည်း၊ ဝတ္ထုဆုံးရှုံးခြင်းထက် ပို၍ နစ်နာရလေသည်။

စိတ်အားတက်ကြွမှု ရှိနေသရွေ့ကာလပတ်လုံး ရှေ့သို့ ပြန်၍တက်ရန် အားအင်အရှိန်ကို ရနိုင်သေးသည်။ စိတ်ဓာတ်လုံးဝ ကျဆင်းသွားလျှင်ကား ပြန်၍ တက်လမ်း မရှိတော့။

ထို့ကြောင့် အောင်မြင်မှုအလားအလာအတွက် ကာယကံမြောက်အားဖြင့် မည်မျှပင် ရှုံးနိမ့် လွဲချော်စေကာမူ စိတ်ကိုမူကား အရှုံးများနှင့် လိုက်ပါကျဆင်းမသွားသင့်ပေ။

မြေပေါ်သို့ လဲကျသောသူသည် ခြေလက် စွမ်းသန်စွာ ကျန်ရှိနေပါက ထောက်၍ ပြန်ရပ်နိုင်ပေဦးမည်။ ခြေရောလက်ပါ ကျိုးပြတ်အား

mgyoe.com

mgyoe.com


ကုန်၍ နေပါမူကား ပြန်၍ ရပ်နိုင်စွမ်းမရှိတော့။ ထိုနည်းတူပင် လောကခံ မုန်တိုင်းတွင်း၌ မည်သို့ပင် အလူးအလိမ့်ခံရစေကာမူ မုန်တိုင်းစဲလေသော် ရှေ့သို့ဆက်၍ တက်သွားရန် ခြေလှမ်းနှင့်တူသော စိတ်ဓာတ်အားသည် အပြည့်အဝ ကျန်ရှိရပေလိမ့်မည်။

'စိတ်မအိုသရွေ့၊ လူမအိုနိုင်' ဆိုသကဲ့သို့ စိတ်ကအလျှော့မပေးသေးသမျှ အရှုံးမရှိနိုင်သေး။ စိတ်သည် ရှုံးလေပြီးသောအရှုံးကို အဆပေါင်းများစွာ ထေမိအောင် လုပ်နိုင်စွမ်းရှိလေသည်။ ထို့ကြောင့် စိတ်ကို ထိန်း၍ ချန်ထားရပေမည်။

တစ်ကြိမ်တစ်ခါ အရေးနိမ့်သည်နှင့် အားပြတ်သွားရသည်မှာ စိတ်ပျော့ညံ့ခြင်းကြောင့်သာ ဖြစ်လေသည်။ မိမိစိတ်ကို မိမိယုံစားရမည်။ မိမိစိတ်ကို မိမိကတင်း၍ မိမိစိတ်က မိမိကို တင်းစေရမည်။

စိတ်ကျသောအခါ လူပါကျလေသည်။ အလုပ်မှ အငြိမ်းစားယူပြီးသူများသည် နေ့စဉ် လှုပ်ရှားဆောင်ရွက်ရန် တာဝန်လည်း မရှိ၊ စိတ်ကို ဆက်လက်ထိန်းကိုင်ထားရန် ရည်ရွယ်ချက်နှင့် အားမာန်လည်း မရှိတော့သဖြင့် ဗုန်းဗုန်းကျအောင် ချုံချာသွားတတ်ကြလေသည်။ လူ၏ အသက်သည် အားမာန်ဖြစ်၍ အားမာန်သည် ရည်မှန်းချက်ရှိသော ကြိုးပမ်းအားထုတ်မှု၌ တည်လေသည်။ အလုပ်တာဝန်ပြတ်သွားလျှင် အားမာန်ကျဆင်းသွားရလေသည်။ အလုပ်လုပ်သလောက် ဘဝရှင်၍ နေရလေသည်။

ထို့ကြောင့် သက်ကြီးရွယ်အိုများသည် ငွေကြေးအတွက် မဟုတ်စေကာမူ ရည်မှန်းချက်ရှိသော အလုပ်တစ်ခုခုကို ဆက်လက်လုပ်ကိုင်ကာ ဘဝ၏ အားမာန်ကို ထိန်းသိမ်းထားကြရလေသည်။ ဘာမျှ မလုပ်မကိုင်ရလျှင် မည်သည့်အားမာန်မျှ ရှင်သန်ပေါက်ပွားရန် အခွင့်မသာတော့။

mgyoe.com

mgyoe.com


ထို့ကြောင့် ဘဝ၏အခက်အခဲ အရှုံးအကျမျိုး၌ ရုပ်ဝတ္ထုကျစေကာမူ စိတ်ကို ထိန်းကိုင်မြှင့်တင်၍ထားရမည်။ မိုးရွာလျှင်လည်း ပြုံးပြုံး မုန်တိုင်းတိုက်လျှင်လည်း ပြုံးပြုံး၊ လေနီကြမ်းဆင်လျှင်လည်း ပြုံးပြုံးပင် ရှိရလေမည်။ ဗီယက်နမ်နိုင်ငံတွင် ဗုံးကြဲသောကြောင့် ရွာလုံးပျောက်ရပြီးလျှင် နောက်တစ်ဖန်ထပ်၍ ရွာသစ်တည်ပြန်လေသည်။ ရန်သူကထပ်၍ ဗုံးကြဲပြန်လေသည်။ ဗုံးကြဲပြီးလျှင်လည်း ရွာသစ်ထပ်၍ တည်မြဲတည်လေသည်။ ရွာသားတို့သည် ရန်သူကို ဤနည်းဖြင့် အနိုင်ယူလေသည်။

ပြဿနာပေါ်ရန်မှာ ပြဿနာ၏တာဝန် ဖြစ်လေသည်။ အခက်အခဲဖြစ်ရမည်မှာ အခက်အခဲ၏ လုပ်ငန်းသဘာဝပင် ဖြစ်လေသည်။ သို့ရာတွင် ကျွန်ုပ်တို့တာဝန်ကား စိတ်မပျက်တမ်းတစ်ဆက်တည်း ဆက်၍ လုပ်ကိုင်ကြိုးပမ်းရန်သာ ဖြစ်လေသည်။

လောကတွင် အရှုံးရှိ၍သာ အနိုင်ဟူသော ဝေါဟာရရှိလာရပေသည်။ အရှုံးကို ကျော်ဖြတ်နိုင်ခြင်းသည် အနိုင်ပင် ဖြစ်လေသည်။ 'ချောင်းတွေ့လျှင် တံတားခင်းမည်။ တောင်တွေ့လျှင် ခုတ်ထွင်မည်။ ရွှံ့နွံတွေ့လျှင် မြေဖို့မည်' ဟူသော စကားကဲ့သို့ အရှုံးတွေ့လျှင် အနိုင်ဆက်၍ယူမည်...ဟူသော အဓိဋ္ဌာန်ကို ခိုင်မြဲစေရမည်ဖြစ်လေသည်။ ယနေ့မအောင်မြင်လျှင် မနက်ဖြန် အောင်မြင်ရမည်သာတည်း။

လူ့လောကကြီးကို ဖျက်ဆီးနေသူမှာ 'စိတ်ညစ်ခြင်းပင် ဖြစ်လေသည်။ လူ့လောက တိုးတက်မှုကိုလည်း သူကပင် တားဆီးနေလေသည်။ ဘဝကိုမသာယာအောင် လုပ်နိုင်သူမှာလည်း သူ့ထက်သာသူမရှိ။

အကြောင်းရှိ၍လည်း စိတ်ညစ်ရတတ်လေသည်။ အကြောင်းမရှိဘဲလည်း စိတ်ညစ်ရတတ်လေသည်။ စိတ်ညစ်သင့်သည်ထက်ပို၍

mgyoe.com

mgyoe.com


ညစ်ရသည်လည်း ရှိပြီး စိတ်မညစ်သင့်ဘဲ ညစ်ရသည်လည်း ရှိလေသည်။

ဖြစ်သင့်သည်မှာ စိတ်ညစ်စရာရှိလျှင် မညစ်ဘဲနေ၍ စိတ်ညစ်စရာမရှိအောင်လည်း နေတတ်ရန် လိုလေသည်။ စိတ်ညစ်စရာဖြစ်လာလျှင် စိတ်ညစ်စရာကို မတွေးဘဲ ဘေးသို့ဖယ်ချထားရန်ပင် ဖြစ်လေသည်။

စိတ်ညစ်စရာဟူသည်မှာ ဆီလို အပေါက်ရှာတတ်သော အရာဖြစ်လေသည်။ စိတ်ညစ်စရာကိုသာ အရေးပေး၍ မြေတောင်မြှောက်ပေးနေမည်ဆိုလျှင် မိနစ် စက္ကန့်တိုင်းတို့သည် မသာယာသော အချိန်များသာ ဖြစ်နေပေလိမ့်မည်။ ထမင်းဆာလျှင်လည်း စိတ်ညစ်၍ရသည်။ ဖိနပ်ထဲသို့ ခဲဝင်လျှင်လည်း စိတ်ညစ်နိုင်သည်။ အိပ်မက်ချင်ရာ မမက်လျှင်လည်း စိတ်ညစ်စရာဖြစ်နိုင်သည်။ လူ့စိတ်သည် မကျေမနပ်ဖြစ်သောနေရာနှင့် အပြစ်ရှာတတ်သော နေရာတွင် ပြိုင်ဘက်ကင်းလေသည်။

ထို့ကြောင့် စိတ်ညစ်စရာကို အတတ်နိုင်ဆုံး ဖယ်ခွာရလေသည်။ စိတ်ညစ်နေ၍ အလုပ်မပြီး၊ မိမိဘဝလမ်းကြောင်း၌ အရေးနိမ့်ရသည့်အခါ အရေးနိမ့်ရသည်က တစ်ရှုံးဖြစ်၍ စိတ်ညစ်ရပြန်သည်က တစ်ရှုံးဖြစ်လေသည်။

အရေးနိမ့်သည်ကို တစ်ခန်းရပ်၍ ဆက်လက် ကြိုးစားရမည်ဖြစ်ရာ စိတ်ညစ်မှုက ရှေ့မှကန့်လန့်ခံ၍ မနေစေရ၊ ရှုံးလေသော အရှုံးကို ပြန်၍ ဖြည့်တင်းရန်မှာ မညစ်မညူးသော စိတ်ဖြင့်သာလျှင် ရနိုင်ကောင်းလေသည်။ ညစ်ညူးသော စိတ်ဖြင့်ကား မရနိုင်။

စိတ်ညစ်သည်ဟု ညည်းတွားရသည်မှာ ဂုဏ်သရေရှိသော အသုံးအနှုန်းမဟုတ်၊ မင်္ဂလာရှိသော စကားလည်းမဟုတ်၊ လူချီးမွမ်းခံရမည့် စကားလည်း မဟုတ်၊ ကြားရသူများက သနား၍ မလာသည့်ပြင် မြင်ပြင်း ကတ်ပေလိမ့်ဦးမည်။ ထိုစကားသည် ဘာမျှ အကျိုးမရှိလေရာ

mgyoe.com